# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်၊ ကြာသပတေးနေ့။ Thursday, 9 February 2023 ၁၁၀၀၆


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရောဝတီတိုင်းဒေသကြီးသည် ရေခံမြေခံများကောင်းမွန်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင် ယခုထက် ပိုမိုကြိုးစားဆောင်ရွက်သွားမည်ဆိုပါက ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရောဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နှင့် ငပုတောမြို့နယ်တို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရောဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နှင့် ငပုတောမြို့နယ်တို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများအား ဟိုင်းကြီးကျွန်းရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်၊ ဟိုင်းကြီးကျွန်းမြို့နှင့် ငပုတောမြို့နယ်တို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂


## မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၈ နှင့် ၁၉ တွင် ဖော်ပြထားပါသည်။

**ယနေ့ ဖတ်စရာ**


ပင်လုံသစ္စာ ကမ္ဘာတည်သရွေ့ ခိုင်မြဲပါမှ ...

ဆောင်းပါး စာမျက်နှာ » ၁၂

အမှတ်တံဆိပ်မှတ်ပုံတင်သက်တမ်းနှင့် မှတ်ပုံတင်သက်တမ်းတိုးခြင်းအကြောင်း သိကောင်းစရာများ

စာမျက်နှာ » ၂၀

တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) ဖျာပုံမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

စာမျက်နှာ » ၁၀

ကြေးမုံ

# ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပူးပေါင်းလက်တွဲ

"တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှအခွင့်အရေးရရှိခြင်းဟူသည့် အနှစ်သာရများဖြင့် ပြည့်ဝသောဖက်ဒရယ်စနစ်ကို အခြေခံသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ရည်မှန်းချက်ပန်းတိုင်ကို မလွဲမသွေ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တိုင်းရင်းသားပြည်သူအားလုံး ပင်လုံစိတ်ဓာတ်အရင်းခံကာ ချစ်ကြည်စည်းလုံးစွာဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြရန်" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတွင် တိုက်တွန်းထားသည်။

ပင်လုံစိတ်ဓာတ်အရင်းခံဟူသည် တောင်တန်း၊ ပြည်မ မခွဲခြားဘဲ မြန်မာတစ်နိုင်ငံလုံးလွတ်လပ်ရေးကို အတူတကွရယူနိုင်ရန်အတွက် တိုင်းရင်းသားအားလုံး၏ ရင်တွင်း၌ ကိန်းအောင်းနေသည့် အပြင်းအထန် အခိုင်အမာဆုံးသော သန္နိဋ္ဌာန်ဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လုံမြို့လေးတွင် တိုင်းရင်းသားခေါင်းဆောင်များအားလုံး တညီတညွတ် တစည်းတလုံးတည်းစုပေါင်း၍ အခိုင်အမာတည်ဆောက်ခဲ့သည့်စိတ်ဓာတ်ဖြစ်သည်။ ထက်သန်ပြင်းပြသည့် စည်းလုံးညီညွတ်မှု (ဝါ) ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံ၍ မြန်မာနိုင်ငံသည် လုံးဝလွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်လာခဲ့သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ အေးချမ်းတည်ငြိမ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အသက်တမျှအရေးပါလျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသည့်မောင်းနှင်အားတစ်ရပ်ဖြစ်သည်ကိုလည်း အခိုင်အမာညွှန်းဆိုထားသည်။ နယ်ချဲ့တို့သည် ၎င်းတို့၏ရေရှည်အကျိုးစီးပွားအတွက် မြန်မာနိုင်ငံအား ပြည်မနှင့်တောင်တန်းဒေသခွဲခြား၍ သွေးခွဲအုပ်ချုပ်ခဲ့သော အကျိုးဆက်ကြောင့်လည်းကောင်း၊ တိုင်းရင်းသားခေါင်းဆောင်များကြားတွင် လူမျိုးစွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲတို့ကြောင့်လည်းကောင်း လွတ်လပ်ရေးရပြီး လပိုင်းအတွင်းမှာပင် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားကာ ယနေ့အချိန်အထိ ငြိမ်းချမ်းမှုမရရှိသေးသည်ကို တွေ့ရမည်ဖြစ်သည်။

လွတ်လပ်ရေးရရှိပြီးသည်မှာ စိန်ရတုကာလ လူ့သက်တမ်းတစ်ခုကိုပင် ကျော်လွန်လာပြီဖြစ်သော်လည်း မငြိမ်းချမ်းသည့် ခါးသီးသောခံစားမှုများကို ပဋိပက္ခဒေသများမှ တိုင်းရင်းသားပြည်သူများ တိုက်ရိုက်ကြုံတွေ့ ခံစားနေရသလို ကျန်တိုင်းရင်းသားပြည်သူများအနေဖြင့်လည်း သွယ်ဝိုက်သောနည်းအားဖြင့် ဆိုးမွေများနှင့်ကြုံတွေ့နေရသည်။ မငြိမ်းချမ်းသောပြဿနာများကို အဖြေရှာရာတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်းကြား အပြန်အလှန်နားလည်ခွင့်လွှတ်မှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်ယုံကြည်မှုတို့ကို အခြေခံလျက် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ပင်လုံမြေတွင် သွေးစည်းညီညွတ်မှုကို သက်သေထူသကဲ့သို့ စည်းလုံးညီညွတ်မှုကို တည်ဆောက်သွားကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်မှုများဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို စဉ်ဆက်မပြတ်ပြုလုပ်လျက်ရှိရာ ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် အကျိုးရလဒ်များ တိုးတက်ရရှိလာနေပြီ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ အကျိုးစီးပွားကို ရှေးရှု၍ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်တို့ကို ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုရလဒ်များ အတိုင်းအတာတစ်ခုအထိ ရရှိနေပြီဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို တိုးတက်လာအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုတို့သည် တိကျခိုင်မာသည့်သန္နိဋ္ဌာန်များနှင့် ပူးပေါင်းလက်တွဲစုစည်းညီညွတ်သည့် အားမာန်များကြောင့်ဖြစ်သည်။

မျက်မှောက်ကာလတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား၌ ၁၉၄၇ ခုနှစ်က ပင်လုံမြေတွင် တည်ဆောက်ခဲ့သော နားလည်ယုံကြည်မှုအင်အားများ၊ စည်းလုံးညီညွတ်မှုအားမာန်များကဲ့သို့ စွမ်းအားသတ္တိများရရှိလာအောင် ကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၇၀ ကျော်က ပင်လုံမြေတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာပြသကြသကဲ့သို့ ယနေ့အချိန်အခါတွင်လည်း တိုင်းရင်းသားပြည်သူအချင်းချင်း ချစ်ခင်ရင်းနှီးစည်းလုံးညီညွတ်မှုကို အခိုင်အမာပြသကြရမည်ဖြစ်သည်။ ယင်းသို့ တိုက်တွန်းနှိုးဆော်နေရခြင်းမှာလည်း မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၇၀ ကျော် မညီညွတ်မှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် ရလဒ်များကို တိုင်းရင်းသားပြည်သူများ ခံစားနေကြရပြီး နိုင်ငံတကာအလယ်တွင်လည်း အများတန်းတူရပ်တည်နေထိုင်ရန် နောက်ကျကျန်နေသောကြောင့်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူအားလုံး တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ သာတူညီမျှဖြစ်ခြင်းဟူသည့် လွတ်လပ်သောနိုင်ငံ၏ အနှစ်သာရများကို အားလုံးရရှိခံစားနိုင်ရန် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းလက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ လက်တွဲဆောင်ရွက်ရေး။

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်ပေးရေး။

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

## သံအမတ်ကြီး ဦးတင်ယု အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ ဒုတိယသမ္မတ ရှိတ် မိုဟာမက် ဘင် ရာရှစ် အယ်လ် မတ်တွန်း ထံ ခန့်အပ်လွှာပေးအပ်



နေပြည်တော် ဖေဖော်ဝါရီ ၉

အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယုသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ အဘူဒါဘီမြို့ရှိ Qasr Al-Watan နန်းတော်၌ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ ဒုတိယသမ္မတ ရှိတ် မိုဟာမက် ဘင် ရာရှစ် အယ်လ် မတ်တွန်းထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

(၈ - ၂ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၇၈ | ၆၆၃,၀၀၀ |
| MTSH | ၃,၃၀၀ | ၃,၂၅၀ | ၂၅၉ | ၈၄၆,၀၀၀ |
| MCB | ၇,၆၀၀ | ၇,၆၀၀ | ၃,၀၀၀ | ၂၂,၈၀၀,၀၀၀ |
| FPB | ၂,၂၅၀ | ၂,၀၅၀ | ၈၉၂ | ၁,၉၇၉,၃၀၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၂၀၀ | ၅၁,၀၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၈၇ | ၉၁၆,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၈

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၅၉.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၉.၅၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၂.၇၅၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၈၈.၅၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၄၄၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၆၇.၁ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၈၇.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၆၀၆.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၆.၈၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ

အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မိမိတို့သည် နိုင်ငံရေးအစိုးရမဟုတ်ဘဲ နိုင်ငံ၏အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ပေးနေသည့် အစိုးရတစ်ရပ်ဖြစ် မိမိတို့၏ ဆောင်ရွက်ချက်များကို တစ်ဦးချင်းစီ၏ တာဝန်များအလိုက် အောင်မြင်အောင်လုပ်ဆောင်၍ အလုပ်ဖြင့်သက်သေပြနိုင်ရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

❂ ရှမ်းဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ဟိုင်းကြီးကျွန်းဒေသသည် သမိုင်းကြောင်းအစဉ်အလာရှိသည့် ဒေသတစ်ခုဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများစွာကို ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုလည်းဖြစ်ကြောင်း၊ ပုသိမ်ဆိပ်ကမ်းတွင် ယခင်က ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်သွားလာခဲ့ကြပြီး နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် ရေကြောင်းတိမ်ကောသွားခဲ့ပြီး ဝင်ထွက်မှု မရှိခဲ့ခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် ဟိုင်းကြီးကျွန်းဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သွားလာမှုအဆင်ပြေစေရေးအတွက် များစွာဆောင်ရွက်ပေးခဲ့ကြောင်း၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများကို ဆောင်ရွက်ပေးခဲ့ပြီး ပညာရေးပိုင်းဆိုင်ရာများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိ၏ ရည်ရွယ်ချက်မှာ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသူ နိုင်ငံသားများနှင့် ဒေသခံများ ပညာရည်မြင့်မား တိုးတက်စေရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံသားတိုင်း KG+9 ပြီးမြောက်စေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

## ယခင်အစိုးရလက်ထက် ရွေးကောက်ပွဲ၌ သိက္ခာမဲ့သော ရွေးကောက်ပွဲ ဖြစ်ခဲ့သဖြင့် မိမိတို့အနေဖြင့် သိက္ခာရှိသည့်ရွေးကောက်ပွဲ ကျင်းပနိုင်ရေး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိ

### ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့ရမှု

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် အစောပိုင်းကာလများတွင် ရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန်လိုအပ်သည့် အခြေအနေများနှင့် တစ်ဦးချင်းစီ၏ အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေး လူတိုင်းမဲပေးရန်လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ ပြောကြားခဲ့ကြောင်း၊ သို့သော် ရွေးကောက်ပွဲမတိုင်မီ မဲဆွယ်စည်းရုံးမှုကာလများနှင့် ရွေးကောက်ပွဲကာလများတွင်လည်း မဲမသမာမှုများ ဖြစ်ပေါ်စေနိုင်မည့် လုပ်ဆောင်ချက်များကို တွေ့ရှိခဲ့ရကြောင်း၊ အဆိုပါကာလတွင် အစိုးရ၏ ရွေးကောက်ပွဲနှင့်ပတ်သက်သည့် ဆောင်ရွက်ချက်များမှာ သံသယဖြစ်ဖွယ်တွေ့ရှိရကြောင်း၊ အစိုးရအနေဖြင့် ရွေးကောက်ပွဲအကြိုကာလ ကြိုတင်မဲပေးချိန်တွင်လည်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုကိုအကြောင်းပြ၍ မဲမသမာမှုများ ပြုလုပ်ခဲ့သည်ကို စိစစ်တွေ့ရှိခဲ့ရကြောင်း၊ ရွေးကောက်ပွဲရလဒ်များ ထွက်ပေါ်လာသည့်အချိန်တွင် မဖြစ်နိုင်ဖွယ်ရာ မဲစာရင်းကွဲလွဲမှုများကို တွေ့ရှိရသည့်အတွက် ကျွမ်းကျင်ပညာရှင်များဖြင့် မဲစာရင်းစစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းကြီးမားစွာ ကွဲလွဲမှုများအပေါ် ဖြေရှင်းဆောင်ရွက်ပေးရန် မိမိတို့အနေဖြင့် တာဝန်ရှိသူများကို အကြိမ်ကြိမ်ပြောဆိုခဲ့သော်လည်း ၎င်းတို့အနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် တတိယအကြိမ်လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန်အထိ ဆောင်ရွက်လာခဲ့ခြင်းကြောင့် ယခုအခြေအနေထိ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ကြောင်း။

နိုင်ငံရေးသဘောထားကွဲလွဲမှုကြောင့် ဖြစ်ပေါ်လာသည့် ဆူပူမှုများကို မိမိတို့အနေဖြင့် ဥပဒေနှင့်အညီသာ ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ အစပိုင်းတွင် ဆူပူမှုများသာရှိသော်လည်း နောက်ပိုင်းတွင် အကြမ်းဖက်ခြင်း၊ လုယက်သတ်ဖြတ်ခြင်းများအထိဖြစ်ပေါ်လာကြောင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေသည့် အကြမ်းဖက်သမားများကို မိမိတို့အနေဖြင့် ဥပဒေနှင့်အညီ ကိုင်တွယ်ဆောင်ရွက်ခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းမှုရှိသဖြင့် ဝမ်းမြောက်ပါကြောင်းနှင့် တပ်မတော်၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူလူထုတို့ အတူတကွပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကြမ်းဖက်မှုဖြစ်စဉ်များကို တိုက်ဖျက်နိုင်မည်ဖြစ်ကြောင်း။

### ရေခံမြေခံကောင်းမွန်ပြီးဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ရန်လို

ဧရာဝတီတိုင်းဒေသကြီးသည် ရေခံမြေခံများကောင်းမွန်ပြီး ငါးမွေးမြူရေးလုပ်ငန်းများ အပါအဝင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ MSME လုပ်ငန်းများကိုလည်း ခရိုင်အားလုံး၌ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ယခုထက်ပိုမိုကြိုးစားဆောင်ရွက်သွားမည်ဆိုပါက ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ အစိုးရတစ်ရပ်သည် ပြည်သူလူထုတို့၏ လူမှုအကျိုးစီးပွားကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ **မိမိတို့သည် နိုင်ငံရေးအစိုးရမဟုတ်ဘဲ နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ပေးနေသည့် အစိုးရတစ်ရပ်ဖြစ်ကြောင်း၊ မိမိတို့၏ ဆောင်ရွက်ချက်များကို တစ်ဦးချင်းစီ၏ တာဝန်များအလိုက် အောင်မြင်အောင် လုပ်ဆောင်၍ အလုပ်ဖြင့်သက်သေပြနိုင်ရမည်ဖြစ်ကြောင်း၊** မိမိတို့ စတင်တာဝန်ယူစဉ်ကာလက နိုင်ငံ၏စီးပွားရေးသည် ကျဆင်းလျက်ရှိသည်ဖြစ်သော်လည်း မိမိတို့အနေဖြင့် အခက်အခဲများကြားမှ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် လက်ရှိအချိန်တွင် နိုင်ငံ့စီးပွားရေးသည် အတိုင်းအတာတစ်ခုအထိ တိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ အတူတကွပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားရေးရည်မှန်းချက်အဖြစ် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲဆောင်ရွက်ရန်အတွက် အချို့သောတိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် အခက်အခဲများရှိနေသေးကြောင်း၊ ရွေးကောက်ပွဲကို ကျင်းပရာတွင် ပြည်သူလူထုက လက်ခံသည့် သိက္ခာရှိသည့် ရွေးကောက်ပွဲကို ကျင်းပနိုင်ရမည်ဖြစ်ကြောင်း၊ **ယခင်အစိုးရလက်ထက် ရွေးကောက်ပွဲ၌ သိက္ခာမဲ့သောရွေးကောက်ပွဲ ဖြစ်ခဲ့သဖြင့် မိမိတို့အနေဖြင့် သိက္ခာရှိသည့်ရွေးကောက်ပွဲ ကျင်းပနိုင်ရေး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊** ထို့ကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်နေသူများအနေဖြင့်လည်း ဝန်ထမ်းတစ်ဦးအနေဖြင့် မိမိတို့ တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟိုင်းကြီးကျွန်းမြို့နှင့် ငပုတောမြို့နယ်တို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဟိုင်းကြီးကျွန်းမြို့နှင့် ငပုတောမြို့နယ်တို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟိုင်းကြီးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရာတွင် ကာကွယ်ရေးလုပ်ငန်းစဉ်များအလိုက် ဆောင်ရွက် တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်နိုင်ရေး စွမ်းရည်သုံးရပ်နှင့် ပြည့်စုံနေရမည်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဟိုင်းကြီးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံရေတပ်စခန်းဌာနချုပ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ ဟိုင်းကြီးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

**မိမိတို့တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန် လုပ်ဆောင်နေခြင်းသည် လေ့ကျင့်ရေး ဆောင်ရွက်နေခြင်းပင်ဖြစ်**

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာ၌ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန်ဖြစ်ပြီး တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)၊ တပ်မတော်(လေ)ဟူ၍ မြေပြင်၊ ရေပြင်၊ ဝေဟင် လုံခြုံရေးတာဝန်များကို စုပေါင်းအားဖြင့် ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာတွင် ကာကွယ်ရေးလုပ်ငန်းစဉ်များအလိုက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ မိမိတို့၏ တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရေးအတွက် စွမ်းရည်သုံးရပ်နှင့် ပြည့်စုံနေရမည်ဖြစ်ပြီး အမြဲမပြတ် လေ့ကျင့်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ စစ်သည်တိုင်း မိမိတို့တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန် လုပ်ဆောင်နေခြင်းသည် လေ့ကျင့်ရေး ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ မိမိကိုယ်ကို အကျိုးမရှိစေနိုင်သည့် အသောက်အစားနှင့် အပျော်အပါးများကိုလည်း ရှောင်ကြဉ်ရမည်ဖြစ်ပြီး ကျန်းမာကြံ့ခိုင်အောင် နေထိုင်ရမည်ဖြစ်ကြောင်း၊ **မိမိကိုယ်ကို ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်ခြင်းမရှိပါက မိမိအပြင် မိမိ၏ မိသားစု၊ မိမိအဖွဲ့အစည်း၏ အကျိုးစီးပွားကိုပါ ထိခိုက်စေနိုင်သည်ဖြစ်သဖြင့် ကျန်းမာကြံ့ခိုင်အောင် အသိတရားနှင့်ယှဉ်၍ နေထိုင်စားသောက်ရမည်ဖြစ်ကြောင်း၊** စစ်သည်တိုင်း ကျန်းမာကြံ့ခိုင်ပြီး အင်ပြည့်အားပြည့်ဖြင့် တာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်ကြောင်း။

**တစ်ဦးချင်း၏ ဘဝတိုးတက်ရေးနှင့် စည်းကမ်းစနစ်တကျရှိစေရေး**

အရာရှိ၊ စစ်သည်များအနေဖြင့် မိမိတို့တစ်ဦးချင်းစီ၏ ကိုယ်ရည်ကိုယ်သွေးများကို မြှင့်တင်နေရမည်ဖြစ်ပြီး တပ်မတော်မှ တာဝန်ထမ်းဆောင်မှုအလိုက်၊ အဆင့်အလိုက် တက်ရောက်ရမည့်သင်တန်းများ၌လည်း အမြဲမပြတ် ကြိုးပမ်းအားထုတ်ခြင်းဖြင့် မိမိဘဝတိုးတက်ရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အသိပညာဗဟုသုတများ ရရှိစေရေးအတွက်လည်း သက်ဆိုင်သည့် စာပေများကို ဖတ်မှတ်လေ့လာနေရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဘဝတိုးတက်ရေးအတွက် မဖြစ်မနေလိုအပ်သည့် စာပေဖတ်မှတ်ခြင်းများကို လုပ်ဆောင်နေရမည်ဖြစ်ကြောင်း၊ **စာဖတ်ခြင်းမှ ရရှိလာသည့် အသိပညာဗဟုသုတနှင့် အတတ်ပညာများသည် မိမိတို့ တစ်ဦးတစ်ယောက်ချင်း၏ ဘဝတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်**ကြောင်း၊ မိမိတို့ သိရှိထားသည့် အသိပညာဗဟုသုတများကိုလည်း အချင်းချင်း ပြန်လည်မျှဝေပေးခြင်းဖြင့် တပ်တွင်း စည်းလုံးညီညွတ်မှုနှင့် လူမှုပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ **ဦးစီးခေါင်းဆောင်များအနေဖြင့်လည်း မိမိတို့၏ လက်အောက်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရမည်ဖြစ်ပြီး ညီညွတ်မျှတသည့် အုပ်ချုပ်မှုပုံစံရှိရမည်ဖြစ်ကြောင်း၊ တပ်မှူးကောင်းသဖွယ် စိတ်ဓာတ်၊ ဖခင်သဖွယ်စိတ်ဓာတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည်**ဖြစ်ကြောင်း၊ မိဘတို့မည်သည် သားသမီးများအပေါ် မကောင်းသည်ကို တားမြစ်ပြီး ကောင်းရာများကို ညွှန်ပြကြကြောင်း၊ တပ်မတော်အတွင်း၌ စည်းကမ်းများ ချမှတ်ထားခြင်းသည် စနစ်တကျရှိမှုနှင့် စုစည်းညီညွတ်မှုရှိစေရန်အတွက်ဖြစ်ပြီး မလိုလားအပ်ဘဲ တင်းကျပ်ထားခြင်းမျိုးမဟုတ်ကြောင်း၊ စစ်မြေပြင်တွင် တစ်ဦးနှင့်တစ်ဦး အသက်ပေး၍ တာဝန်ထမ်းဆောင်ရမည့်သူများဖြစ်သည့်အတွက် အမိန့်နာခံမှုကောင်းပြီး ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေး၊ မလိုလားအပ်ဘဲ အသက်အန္တရာယ်ထိခိုက်မှုများ မဖြစ်ပေါ်စေရေးတို့အတွက် အမိန့်၊ ညွှန်ကြားချက်နှင့် စည်းကမ်းများကို ချမှတ်ထားခြင်းဖြစ်သည်ကို နားလည်သဘောပေါက်ရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟိုင်းကြီးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

**တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး**

လက်ရှိအချိန်တွင် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များကိုပါ ထမ်းဆောင်ရလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပေါ်မှုများကြောင့် နိုင်ငံ၏ စီးပွားရေးသည်လည်း ကျဆင်းခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားရေး ပြန်လည်ကောင်းမွန်စေရေး ပြည်တွင်းစီးပွားရေးကို အားပေးမြှင့်တင် ဆောင်ရွက်ခဲ့သောကြောင့် လက်ရှိအချိန်တွင် နိုင်ငံ့စီးပွားရေးသည် အတိုင်းအတာတစ်ခုအထိ တိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မိမိတို့ အရာရှိ၊ စစ်သည်၊ မိသားစုများသည်လည်း တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် မိမိတို့ စားဝတ်နေရေးအတွက် အတိုင်းအတာတစ်ခုအထိ **စာမျက်နှာ ၅ သို့** ❂

- ❖ **မိမိကိုယ်ကို ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်ခြင်းမရှိပါက မိမိအပြင် မိမိ၏မိသားစု၊ မိမိအဖွဲ့အစည်း၏ အကျိုးစီးပွားကိုပါ ထိခိုက်စေနိုင်သည်ဖြစ်သဖြင့် ကျန်းမာကြံ့ခိုင်အောင် အသိတရားနှင့်ယှဉ်၍ နေထိုင်စားသောက်ရမည်**
- ❖ **စာဖတ်ခြင်းမှရရှိလာသည့် အသိပညာဗဟုသုတနှင့် အတတ်ပညာများသည် မိမိတို့ တစ်ဦးတစ်ယောက်ချင်း၏ ဘဝတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေမည်**
- ❖ **ဦးစီးခေါင်းဆောင်များအနေဖြင့်လည်း မိမိတို့၏လက်အောက်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရမည်ဖြစ်ပြီး ညီညွတ်မျှတသည့် အုပ်ချုပ်မှုပုံစံရှိရမည်ဖြစ်၊ တပ်မှူးကောင်းသဖွယ် စိတ်ဓာတ်၊ ဖခင်သဖွယ် စိတ်ဓာတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏ တစ်ဦးချင်းလုပ်ငန်းတာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ရန် တာဝန်ရှိ ပြည်သူလူထုကလက်ခံသည့် အစိုးရဝန်ထမ်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများအား ပုသိမ်လေဆိပ်ဧည့်ခန်းမဆောင်၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

## ဘက်ပေါင်းစုံတွင်ကောင်းမွန်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ဧရာဝတီတိုင်းဒေသကြီးသည် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် တည်ငြိမ်အေးချမ်းရေးမှအစပြု၍ ဘက်ပေါင်းစုံတွင် ကောင်းမွန်သည့် အခြေအနေတွင်ရှိနေပြီး ကျေနပ်ဖွယ်ရာကောင်းသည့် မိမိတို့မြန်မာနိုင်ငံအတွက် အားကိုးအားထားရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ ထိုကဲ့သို့သော အခြေအနေတွင်ရပ်တည်နိုင်နေခြင်းမှာလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားလုံး၏ ကောင်းမွန်သည့် လုပ်ဆောင်ချက်များနှင့် ဒေသခံပြည်သူလူထုတို့၏ ဝိုင်းဝန်းပူးပေါင်း ပါဝင်မှုကြောင့်ပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ကောင်းမွန်သည့် လုပ်ဆောင်ချက်ကောင်းများနှင့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

> ☆ **ဧရာဝတီတိုင်းဒေသကြီးသည် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် တည်ငြိမ်အေးချမ်းရေးမှအစပြု၍ ဘက်ပေါင်းစုံတွင်ကောင်းမွန်သည့် အခြေအနေတွင်ရှိနေပြီး ကျေနပ်ဖွယ်ရာကောင်းသည့်၊ မိမိတို့မြန်မာနိုင်ငံအတွက် အားကိုးအားထားရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်**

ဧရာဝတီတိုင်းဒေသကြီးတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းစွာ ဆောင်ရွက်လျက်ရှိပြီး လက်ရှိအထွက်နှုန်းထက် ပိုမိုတိုးတက်အောင် ကြိုးစား ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ထိုသို့ ဆောင်ရွက်စေရခြင်းမှာလည်း တစ်ဦးချင်းတစ်ယောက်ချင်းစီ၏ ဝင်ငွေများ တိုးပွားလာမှုမှအစပြု၍ ဒေသတွင်နေထိုင်သူများအားလုံး၏ ဝင်ငွေများ ယခင်ကထက်တိုးတက်ကောင်းမွန်လာပြီး ဒေသတွင်း လည်ပတ်သုံးစွဲငွေများပြားလာကာ လူမှုစီးပွားဘဝများလည်း တိုးတက်လာနိုင်မည် ဖြစ်သောကြောင့် ဖြစ်ကြောင်း၊ အထွက်နှုန်းပိုမိုကောင်းမွန်ပြီး ပြည်ပနိုင်ငံများသို့ပါ တင်ပို့နိုင်မည်ဖြစ်ကာ နိုင်ငံတော်၏စီးပွားရေးအားသည်လည်း တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ အခွန်ငွေများ ပိုမိုရရှိလာနိုင်မည်ဖြစ်ပြီး နိုင်ငံတွင်းလည်ပတ်သုံးစွဲငွေများ ပိုမိုများပြားလာပါက နိုင်ငံသူ နိုင်ငံသားများ၏ အကျိုးစီးပွားကိုလည်း ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်သဖြင့် အားလုံးက ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း။

## ဖန်တီးနိုင်ရမည်

ထို့ပြင် ဒေသတွင်းစီးပွားရေး ပိုမိုကောင်းမွန်စေရေးအတွက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဖော်ဆောင်ပေးရမည် ဖြစ်ကြောင်း၊ အိမ်သာမှသာလျှင် ဧည့်သည်လာမည်ဖြစ်သဖြင့် မိမိတို့နေထိုင်ရာ အိမ်၊ လမ်းမှအစပြု၍ သန့်ရှင်းသပ်ရပ်သော ပတ်ဝန်းကျင်ကို ဖန်တီးနိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသအတွင်းရှိ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများကိုလည်း ကြည်ညိုသပ္ပာယ်ဖွယ် ဖြစ်အောင် ဆောင်ရွက်ထားရှိပါက မြင်သူအပေါင်းတို့ကို စိတ်ချမ်းမြေ့စေမည်ဖြစ်ပြီး နောင်များတွင်လည်း လာရောက်လည်ပတ်လိုစိတ်များ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ရုံးလုပ်ငန်းများကိုလည်း စည်းကမ်းစနစ်တကျဖြင့် စေတနာထားဆောင်ရွက်ရန်လိုပြီး ဌာနများအားလုံး သန့်ရှင်းသပ်ရပ်မှုရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လေကောင်းလေသန့် ရရှိရေးနှင့် အလင်းရောင်ကောင်းမွန်စွာ ရရှိရေးအတွက်လည်း သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များကို အလင်းဖွင့်ခြင်း၊ အောက်ခြေရှင်းခြင်းများ ဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးကိုလည်း အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏ တစ်ဦးချင်း လုပ်ငန်းတာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ရန် တာဝန်ရှိသကဲ့သို့ သတင်းလုံခြုံမှုမကျိုးပေါက်စေရေးအတွက်လည်း သတိပြုဆောင်ရွက်ကြရန်လိုကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံ့ဝန်ထမ်းများ လိုက်နာရမည့်စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိကိုယ်ကို သစ္စာရှိရမည်၊ မိမိဌာနနှင့် လုပ်ဖော်ကိုင်ဖက်များအပေါ် သစ္စာရှိရမည်၊ နိုင်ငံတော်အပေါ် သစ္စာရှိရမည်ဖြစ်ကြောင်း၊ အထက်နှင့်အောက် ကောင်းမွန်သည့် ဆက်ဆံရေးရှိရမည်ဖြစ်ပြီး လုပ်ငန်းတာဝန်များကို စေတနာအပြည့်ဖြင့် ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်နှင့် အခွင့်အရေးများကို ပြည့်ပြည့်ဝဝရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အချင်းချင်းမိသားစုကဲ့သို့ ထိတွေ့ဆက်ဆံကာ လူမှုရေးအခက်အခဲ၊ မိသားစုအခက်အခဲများကို ညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး ကူညီဖေးမဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

## ပြည်သူလူထုကလက်ခံသည့် အစိုးရဝန်ထမ်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်

နိုင်ငံ့ဝန်ထမ်းများသည် အစိုးရနှင့်ပြည်သူများအကြား ပေါင်းကူးပေးသည့် ပုဂ္ဂိုလ်များ၊ ဌာနများပင်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံသူ နိုင်ငံသားများ၏အကျိုးကိုဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြည်သူ့အကျိုးနှင့် ပတ်သက်လာပါက မှန်မှန်ကန်ကန်နှင့် ပြောဆိုဆက်ဆံရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုကလက်ခံသည့် အစိုးရဝန်ထမ်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အချို့သောပညာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများသည် ၎င်းတို့၏အလုပ်ကို ကျေပွန်စွာနှင့် ပေါင်းသင်းဆက်ဆံရေးကောင်းစွာ ဆောင်ရွက်နိုင်သောကြောင့် ပြည်သူများကပင် ၎င်းတို့၏ဒေသများ၌ပင် ဆက်လက်တာဝန်ထမ်းဆောင်ပေးရန် တောင်းဆိုရသည့် သာဓကများလည်း ရှိပြီးဖြစ်ကြောင်း။ **စာမျက်နှာ ၆ သို့** ★

---

❂ **စာမျက်နှာ ၄ မှ**

အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်တွန်းအားပေးဆောင်ရွက်ခဲ့ခြင်းကြောင့် သက်သာချောင်ချိမှုကိုဖြစ်စေခဲ့ပြီး ယခုကဲ့သို့အခြေအနေတွင်လည်း အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ခြင်းဖြစ်ကြောင်း။

## ပညာရည်မြင့်မားရေး

ပညာရေးနှင့် ပတ်သက်၍ နိုင်ငံသားတိုင်း KG+9 ပညာအရည်အချင်းပြီးမြောက်စေရေး ဆောင်ရွက်ပေးထားကြောင်း၊ မိမိတို့နိုင်ငံတွင် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ များစွာပေါ်ထွက်လာရန်လိုကြောင်း၊ မိမိတို့၏ သားသမီးများကို ကောင်းမွန်သည့် ပညာအမွေများ ပေးနိုင်ရမည်ဖြစ်ပြီး မိမိ၊ တပ်မတော်နှင့် တိုင်းပြည်အတွက် အားကိုးအားထားရသည့် မျိုးဆက်သစ်လူငယ်များ ဖြစ်လာရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း အရာရှိ၊ စစ်သည်များ၊ မိသားစုများ၏ ပညာရည်မြင့်မားရေးကို အမြဲမပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စစ်သည် အဆင့်အတန်းအားလုံး စည်းကမ်းစနစ်တကျရှိပြီး မိမိတို့တစ်ဦးချင်းစီ၏တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကာ တပ်မတော်၏ဂုဏ်ကို မြှင့်တင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

## စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ နယ်မြေခံရေတပ်စခန်း ဌာနချုပ်မှူးက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တင်ပြချက်များကို လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နယ်မြေခံရေတပ်စခန်းဌာနချုပ်မှူးက ရေတပ်စခန်းဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာ ဆောင်ရွက်ထားရှိမှု၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှု၊ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ပေးလျက်ရှိမှု၊ နယ်မြေဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ စိုက်ပျိုးမွေးမြူရေး၊ စည်းကမ်းစနစ်တကျရှိစေရေး၊ အရာရှိ၊ စစ်သည်များ၏ ပညာရည်မြင့်မားရေးနှင့် ဗဟုသုတများ ရရှိစေရေးတို့နှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မဟာမကုဋ္ဌရံသီ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်ကြီးသည် ရှေးဟောင်းသမိုင်းဝင်စေတီတော်မြတ်ကြီးဖြစ်သဖြင့် ပြုပြင်မွမ်းမံခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို ရှေးမူလက်ရာမပျက်စေရေးနှင့် ရေရှည်တည်တံ့စေရေး အလေးထားဆောင်ရွက်

**ကပ်လှူပူဇော်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သမိုင်းဝင် မဟာမကုဋ္ဌရံသီ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်ကြီးကို ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်စဉ်။





နေပြည်တော် ဖေဖော်ဝါရီ ၈

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စုရှိ သမိုင်းဝင် မဟာမကုဋ္ဌရံသီ ဆံတော်ရှင်မြတ်မော်တင်စွန်း စေတီတော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

**ကပ်လှူပူဇော်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဂေါပကအဖွဲ့ဝင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်ကြီးကို ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်ကြီးကို လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ရင်ပြင်တော်တိုးချဲ့ခြင်းနှင့် ပြုပြင်မွမ်းမံခြင်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျဖြင့် တွက်ချက် ဆောင်ရွက်ရန်လိုပြီး ရှေးဟောင်းသမိုင်းဝင် ဘုရားစေတီ၊ သာသနိကအဆောက်အအုံများဖြစ်သည့်အတွက် အဘက်ဘက်မှ တွက်ချက်စိစစ်ကာ အလေးထား လုပ်ဆောင်ရန်လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြတ်မော်တင်ဆံတော်ရှင်စေတီတော်၏ ရင်ပြင်တော်တိုးချဲ့ခြင်းနှင့် ပြုပြင်မွမ်းမံခြင်း တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းအဆင့်လိုက် ဆောင်ရွက်နေမှုများ၊ လုပ်ငန်းအဆင့်များအားလုံးပြီးစီးပါက တွေ့မြင်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာမကုဋ္ဌရံသီ ဆံတော်ရှင် မြတ်မော်တင်စွန်း စေတီတော်ကြီးသည် ရှေးဟောင်းသမိုင်းဝင် စေတီတော်မြတ်ကြီးဖြစ်သဖြင့် ပြုပြင်မွမ်းမံခြင်း၊ ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရှေးမူလက်ရာမပျက်စေရေးနှင့် ရေရှည်တည်တံ့စေရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်ရာတွင်လည်း လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းများကို စနစ်တကျ မှတ်တမ်းပြုစုထားရှိရန် လိုကြောင်း၊ လုပ်ငန်းစဉ်များအလိုက် စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုသကဲ့သို့ ရေရှည်မြော်တွေး၍ တွက်ချက်ဆောင်ရွက်ကြစေလိုကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်မည့် အခြေအနေများကိုလည်း တွက်ချက် ဆောင်ရွက်သွားရန်လိုကြောင်း၊ စေတီတော်မြတ်ကြီး၏ မူလအတိုင်း ကြည်ညိုသပ္ပာယ်မှုရှိစေရေးကိုလည်း မထိခိုက်စေရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆံတော်ရှင်မြတ်မော်တင်စွန်း စေတီတော်ကြီး ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ၊ စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်အကျယ်အဝန်းသည် ၄၃ ပေခန့်သာ ကျယ်ဝန်းသဖြင့် ဘုရားဖူးလာရဟန်းသံဃာ မိဘပြည်သူများ သက်သောင့်သက်သာ ကျယ်ကျယ်ပြန့်ပြန့် ဖူးမြော်နိုင်ရေးအတွက် ရင်ပြင်တော် တိုးချဲ့ခြင်းနှင့် ပြုပြင်မွမ်းမံခြင်း လုပ်ငန်းဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံများနှင့် ပုံစံငယ်ပြုလုပ်ထားရှိမှုတို့ကို ကြည့်ရှုကာ လိုအပ်သည်များ မှာကြားဆွေးနွေးသည်။

**ပြန်လည်ပြုပြင် မွမ်းမံ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီး ပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှု၍ ရှေးဟောင်းသာသနိကအဆောက်အအုံများအား ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုကာ ရှေးဟောင်းသာသနိက အဆောက်အအုံများအား ပြုပြင်ထိန်းသိမ်းရန် လိုအပ်လာပါက ခေတ်ကာလနှင့် လျော်ညီစွာ မူလရှေးဟောင်းလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံပြင်ဆင်ရမည့် အခြေအနေများ၊ သမိုင်းမှတ်တမ်းများ ပျောက်ပျက်၍မရသဖြင့် စနစ်တကျထိန်းသိမ်းရန်နှင့် ပြုပြင်မွမ်းမံမှုများကိုလည်း စနစ်တကျ ဆောင်ရွက်ရမည့် အခြေအနေများကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သမိုင်းဝင် မဟာမကုဋ္ဌရံသီ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်ကြီး ပုံစံငယ်ပြုလုပ်ထားရှိမှုကို ကြည့်ရှုစဉ်။

---

★ စာမျက်နှာ ၅ မှ

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ နေရေးအထောက်အကူဖြစ်စေရန်အတွက် လိုအပ်သည့် ဖြည့်ဆည်းပေးမှုများကိုလည်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးထားကြောင်း၊ မိမိတို့ဆောင်ရွက်ပေးသည့် သက်သာချောင်ချိမှုသည် ပြည့်စုံသည် မဟုတ်သော်လည်း အတိုင်းအတာတစ်ခုအထိ အထောက်အကူဖြစ်စေမည်ဖြစ်ပြီး လုပ်ငန်းတာဝန် ထမ်းဆောင်မှုများတွင်လည်း ပိုမိုအကျိုးဖြစ်ပေါ်လာစေမည်ဟု ယုံကြည်ပါကြောင်း။

ပညာရေးနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးသည် ကျောင်းတက်ရောက်သူဦးရေ အများဆုံး၊ ကျောင်းနေထိုင်မှုနှင့် အောင်ချက်ရာခိုင်နှုန်း အမြင့်ဆုံးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကျောင်းနေအရွယ် ကလေးအားလုံး ပညာသင်ကြားနိုင်ရေး ပညာရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံသားအားလုံး KG+9 အောင်မြင်စေရေးအတွက် စီမံဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့၏သားသမီးများ၏ ပညာရည်မြင့်မားရေးကို အားပေးဆောင်ရွက်ကြစေလိုပြီး ကောင်းမွန်သည့်ပညာအမွေကို ပေးနိုင်ရမည်ဖြစ်ကြောင်း။

ဧရာဝတီတိုင်းဒေသကြီး အနေဖြင့် စိုက်ပျိုးရေးတွင် စံပြဖြစ်အောင် ဆောင်ရွက်စေလိုပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များက စံထားအတုယူရသည်အထိဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိအနေဖြင့်လည်း ဧရာဝတီတိုင်းဒေသကြီး၏ ဆောင်ရွက်ချက်များအားလုံးကို အသိအမှတ်ပြု အားပေးပါကြောင်းနှင့် ဆက်လက်၍လည်း ကြိုးစားအားထုတ်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင်၊ အလှူရှင်များ လာရောက်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက် သားသမီး၊ ဘုရားဒါယကာ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာအား ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှု ရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော် သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့ပြီး ခုနစ်ရက် သားသမီး၊ ဘုရားဒါယကာ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် ရွှေထည် ၁၀၄ ကျပ်သား ၆ ပဲ ၃ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၂၀၀ ကျပ်သား ၁ ပဲ ၁ ရွေး၊ ကျောက်မျိုးစုံ ၃ ကီလိုဂရမ် အပါအဝင် ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတ်တော်များ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊ အဖိုးတန်ရွှေငွေကျောက်သံပတ္တမြားများကို ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် ယနေ့အထိ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ထားသည်။

နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ထားရှိမှုကြောင့် ခုနစ်ရက် သား သမီး၊ ဘုရားဒါယကာ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများထံသို့ ဝမ်းပန်းတသာ ဆက်သွယ်၍ ဌာပနာကုသိုလ်များကို ထည့်ဝင်လှူဒါန်းခဲ့ကြရာ လှူဒါန်းမှုစုစုပေါင်းမှာ ရွှေထည် ၁၂ ပိဿာ ၃၈ ကျပ်သား၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၁၅ ပိဿာ ၇၂ ကျပ်သား၊ ကျောက်မျိုးစုံ ၉၂ ပိဿာ ၅၆ ကျပ်သား၊ ဓာတ်တော်မွေတော်၊ ပုလဲနှင့် ငွေထည်ပစ္စည်းများ၊ ဘွဲ့တံဆိပ်များနှင့် အလှူငွေကျပ် ၇၅၁၃၇၇၆၀၀ တို့ကို လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ခုနစ်ရက် သားသမီး၊ ဘုရားဒါယကာ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော်ထပ်မံထည့်သွင်း သွင်းလှူပူဇော်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများရှိပါသဖြင့် အဖိုးတန်ကျောက်မျက်ရတနာများ၊ ဌာပနာပစ္စည်းများကို လက်ခံခြင်းမရှိတော့ဘဲ လှူဒါန်းငွေများကိုသာ လက်ခံသွားမည်ဖြစ်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ထားသည်။

သတင်းစဉ်





မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင်၊ အလှူရှင်များ လာရောက်လှူဒါန်းစဉ်။

## ပြည်ထောင်စုရဲ့ မွေးချင်းဆွေမျိုး

❖ ကချင် ကယား ကရင် ချင်း ဗမာ မွန် ရခိုင် ရှမ်းရယ်က
အစဉ်တရားယှဉ် အရင်းအချာ ဝန်အပြိုင်ထမ်းပါလို့
တစ်စခန်းတည်းအတူနား၊ တစ်လမ်းတည်းအတူသွားပါတဲ့
တစ်ဝမ်းတည်းအတူဖွား မောင်နှမညီအစ်ကိုတွေ။

❖ တို့အဘိုး တို့အဘွားတွေက
ကိုယ့်အမျိုးကိုယ့်အား ခိုင်သန်မာလို့
နိုင်ငံ သာစည်ဖြာအေးရအောင်
ပြည်ရွာအရေး အခြေတည်ခဲ့
ပဝေသဏီ ရှေးယခင်ကတည်းရယ်က
မသွေဖည် အတွေးအမြင်မကွဲပါဘူး
ယှဉ်တွဲမပြေးစူဘဲ
အစဉ်အမြဲ အတူတူပေါ့
စိတ်ရင်းဖြူ ပြည်တွင်းအားရယ်နဲ့
စည်ကားလို့နေ။

❖ ခြေထိုးကာခလောက်ဆန် အနုပ်စုတ်ကုပ်စုတ်များရယ်က
အသရေညှိုးစရာအကောက်ကြံ မဟုတ်တရုတ် စကားတွေနဲ့
မဟုတ်မတရား ကလိမ်စေ့ငြမ်းဆင်လို့
ကမ်းမမြင် လမ်းမမြင်တဲ့
အကန်းအသွင် ရေလိုက်လွဲရအောင်
မိုက်မဲတဲ့ မဟုတ်မဟတ်ဉာဉ်နဲ့
လုပ်ဇာတ်ဆင် အပုပ်ချသော်လည်း
မဟုတ်က ဟုတ်ကစကား နားမယောင်ဘူး
တို့ပြည်ထောင် တို့တည်ထားတာမို့
တို့ညီအစ်ကို တို့မောင်နှမများရယ်က
အသိမကွဲပြား၊ သတိအမြဲသားရယ်နဲ့
ကတိစွဲစကား တည်တံ့ပိုင်လို့
အရှည်ခံ့ခိုင် နီးကြားအမြင်ထက်ပါတဲ့
ဘိုးဘွားအစဉ်အဆက် ထားရစ်အမွေ
ပွားသစ်စေမကွဲ့ နောင်ရှယ်ကိုး။
(အလိုဗျာ.....)
အားသစ်တွေနဲ့ ဆောင်သယ်ပိုး။

❖ တွဲလက်ခိုင်ကျည်
စွဲမက်စရာ နိုင်ငံစည်လို့
ကမ္ဘာတိုင်တည် ပြည်ထောင်စုကြီးရယ်က
အပွင့်အသီး တဝေဝေနဲ့
သားချင်းတွေ အင်အားအပြည့်ပါပဲ
အထင်အရှားရှိသည့် အဘိုးအဘွားပေးဝေတဲ့
အမျိုးသားရေးအမွေ မတိမ်းမစောင်းရအောင်
ထိန်းကျောင်းကာ အလေးမူပြီး
အေးအတူ ပူအမျှရယ်နဲ့
အတူတကွ ခြေလှမ်းညီတော့
မသွေစတမ်းချီ မွေးသင်းဝေဖြိုးတာပေါ့
သွေးရင်းအနေရိုးတာမို့ ဘေးကင်း အသရေတိုးတယ်
(ပြည်ထောင်စုရဲ့.......)
မွေးချင်းဆွေမျိုး။ ။

ရေနံ့သာမောင်ကျော်ညွန့်

# (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့ ဂုဏ်ပြုညစာစားပွဲ ကျင်းပ





**တောင်ကြီး ဖေဖော်ဝါရီ ၈**

(၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့ ဂုဏ်ပြုညစာစားပွဲကို ယမန်နေ့ ညပိုင်းက ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အိမ်တော်ဝင်း၌ ကျင်းပသည်။

ညစာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာကျော်ထွန်း၊ ဦးရွှေကြိမ်းတို့နှင့် အတူ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ယဉ်ကျေးမှုအဖွဲ့များ၊ ထူးချွန်ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပြီး ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သူများနှင့် ပုဂ္ဂိုလ်များကို ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်နိုင်ခဲ့သဖြင့် အထူးကျေနပ်ဝမ်းသာ ဖြစ်မိပါကြောင်း၊ ရှမ်းပြည်နယ် တည်ငြိမ်အေးချမ်းပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ကြိုးစားဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းပါကြောင်း၊ ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများ၏ စားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကိုလည်း အများပြည်သူသိရှိနိုင်ရန် ဖွင့်လှစ်ပြသနိုင်ခဲ့ပါကြောင်း၊ လုပ်ငန်းလိုအပ်ချက်များကို ပြည်နယ်အစိုးရအနေဖြင့် ကူညီဖြည့်ဆည်းပံ့ပိုးပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသူများသည် (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြပြီး ပအိုဝ်းတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့၏ ပအိုဝ်းတိုင်းရင်းသားရိုးရာ အိုးစည်ဗုံမောင်းအက၊ “အာခါ”တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့၏ “စေးစေး” သီချင်းဖြင့် ကပြဖျော်ဖြေမှု၊ ရှမ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့၏ ရှမ်းရိုးရာအလှ ရှမ်းရိုးရာအက၊ ပလောင်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့၏ ပွင့်ဖူးချယ်ရီတို့ရှမ်းပြည် သီချင်းဖြင့် ကပြဖျော်ဖြေမှု၊ လားဟူတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့၏ လားဟူနှစ်သစ်ကူး အကသီချင်းဖြင့် ဖျော်ဖြေမှု၊ ခနော၊ “ဝ”၊ အင်း၊ လီဆူ၊ တောင်ရိုး၊ ကိုးကန့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့၏ ရိုးရာအကနှင့် တောင်ကြီးဒေသခံ တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သဃ်န်းကျွန်းမြို့နယ် သစ်တောပျိုးဥယျာဉ် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံသည် ယနေ့ နံနက်ပိုင်းတွင် သဃ်န်းကျွန်းမြို့နယ်ရှိသစ်တောဦးစီးဌာန ပျိုးဥယျာဉ်သို့ ရောက်ရှိစစ်ဆေးသည်။

ဦးစွာ မြို့နယ်ဦးစီးအရာရှိက ပျိုးထောင်ထားရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ၂၀၂၃ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးရန် နှစ်ပေနှင့်အထက် ပျိုးပင်များ သတ်မှတ်အရေအတွက် ပြည့်မီအောင် ပြုစုပျိုးထောင်ရန်၊ စိုက်ပျိုးသည့်အခါ တစ်ပင်စိုက် တစ်ပင်ရှင်သန်စေရန်အတွက် စိုက်ပျိုးနည်းစနစ်မှန်ကန်စေရေးကို ပြည်သူများသို့ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းအပါအဝင် အသိပညာပေးရန်၊ အကူအညီတောင်းခံလာပါက ကိုယ်တိုင်သွားရောက်၍ စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းမျှဝေပေးရေး မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဒလမြို့နယ်ရှိ သမ္မတကမ်းခြေ ဒီရေတောစိုက်ခင်းများ အောင်မြင်ရှင်သန်နေမှုနှင့် ၂၀၂၃ ခုနှစ် မိုးရာသီတွင် လမုပင် ၁၀ ဧက စိုက်ပျိုးရန် လျာထားမှုအတွက် မြေနေရာရှင်းလင်းထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒီရေတောများသည် သဘာဝဘေးအန္တရာယ်များကို အစိမ်းရောင်တံတိုင်းကြီးများသဖွယ် ကာကွယ်ပေးခြင်း၊ ကာဗွန်စုပ်ယူမှုအားကောင်းခြင်းနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် အရေးကြီးသည့် ဂေဟစနစ်တစ်ခုဖြစ်ခြင်းတို့အတွက် စိုက်ပျိုးပြီးအပင်များကို ရှင်သန်ကြီးထွားအောင် ပြုစုထိန်းသိမ်းရန်နှင့် တိုးမြှင့်စိုက်ပျိုးရန်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် ဒီရေတောကြိုးပြင်ကာကွယ်တောများ တိုးချဲ့ဖွဲ့စည်းတည်ထောင်ရေးနှင့် လမုပင်များကို အချိန်မီစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် သန်လျင်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်ရုံးကို ရောက်ရှိစစ်ဆေး၍ ခရိုင်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်း၊ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေး အကြံပေးစစ်ဆေးကြပ်မတ်ရန်၊ ဂေဟစနစ်ဝန်ဆောင်မှုများကို ရေရှည်တည်တံ့၍ စဉ်ဆက်မပြတ် အကျိုးရှိစွာ အသုံးချနိုင်ရေး ရည်မှန်းချက်ထား၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းခွင်နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အားလျော်စွာ နိုင်ငံ့ဝန်ထမ်းများဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် မှာကြားပြီး ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ၂၀၂၃ ခုနှစ် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသမည့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြခန်းတည်ဆောက်နေမှုကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မအူပင်မြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အလက (၁)၌ လူငယ်စကားဝိုင်း ကျင်းပ



**မအူပင် ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အလက(၁) ယမုံနာခန်းမ၌ လူငယ်စကားဝိုင်းကို ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန့်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်သူဇာလှိုင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်သူဇာလှိုင်၊ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မြင့်၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦး၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်ဇင်မာခိုင်နှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း ဒုတိယဥက္ကဋ္ဌ ဆရာဦးစိုး (ပညာရေး-ငြိမ်း)တို့က ဦးဆောင်ဆွေးနွေးကာ Grade-11 ကျောင်းသား မောင်သော်လင်းထက်က လူငယ်နှင့်ပညာရေး၊ Grade-11 ကျောင်းသား မောင်ဝေယံအောင်နှင့် မောင်ဟန်ထူးအောင်တို့က လူငယ်နှင့်မူးယစ်ဆေးဝါး၊ Grade-10 ကျောင်းသူ မခင်ထက်ထက်နိုင်က လူငယ်နှင့်အားကစား၊ Grade-10 ကျောင်းသူ မဘုန်းသစ္စာခန့်က လူငယ်နှင့်ကျန်းမာရေး စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ပြည်ထောင်စုဝန်ကြီးများ ပြန်လည်လက်ခံရေးစခန်းများ၊ ယာယီကြားစခန်းနှင့် ယာယီခိုလှုံရာစခန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်ထောင်စုဝန်ကြီးများသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် စစ်တွေမြို့မှ တောင်ပြိုလက်ဝဲသို့ ရောက်ရှိပြီး ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်လာချိန်တွင် စတင်စစ်ဆေးလက်ခံမည့် မြန်မာ-ဘင်္ဂလားဒေ့ရှ် ချစ်ကြည်ရေးတံတားသို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေး စခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး စခန်းတာဝန်ခံအရာရှိက ပြန်လည်လက်ခံရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ထားရှိသည့် အခြေအနေ၊ ခွင့်ပြုရန်ပုံငွေဖြင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် လိုအပ်ချက်ရှိသည်များကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စု ဝန်ကြီးများက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြန်လည်ဝင်ရောက်လာမည့် သူများနှင့် စပ်လျဉ်း၍ လဝကလုပ်ငန်းစဉ်များဖြစ်သည့် အိမ်ထောင်စုစာရင်းရေးသွင်း မှတ်သားခြင်း၊ Bio Metric Data များ ရယူ၍ e-ID ဖြည့်သွင်းခြင်း၊ NVC ကတ် ထုတ်ပေးခြင်း၊ ကိုဗစ်စစ်ဆေးခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်မည့် အခြေအနေများ၊ မီးဘေးလုံခြုံရေးအတွက် မီးသတ်တပ်ဖွဲ့က ဆောင်ရွက်ထားရှိမှုနှင့် စခန်းအတွင်း ယာယီလက်ခံထားရှိရေးအတွက် ပြင်ဆင်ထားရှိမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိပြီး စခန်းတာဝန်ခံအရာရှိ၏ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ပြီး ပြန်လည်လက်ခံရေးအတွက် ဆောင်ရွက်ပြီးစီးမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် ငါးခူရ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ စာပေပညာသင်ကြားနေမှုကို ကြည့်ရှုအားပေး၍ အာဟာရဖြည့်အစားအစာများ ကျွေးမွေးရန် ချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် ပြန်လည်ဝင်ရောက်လာမည့်သူများ ရေကြောင်းလမ်းမှ ဝင်ရောက်လာချိန် စစ်ဆေးလက်ခံမည့် ပြူးမချောင်းမော်တော်ဆိပ်ကမ်းသို့ ရောက်ရှိကာ ပြုပြင်ရန် လိုအပ်သည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများက ဆောင်ရွက်ပေးရမည့် လုပ်ငန်းများအား အမြန်ဆုံး ဆောင်ရွက်နိုင်ရေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် မောင်တောမြို့ လှဖိုးခေါင်ယာယီကြားစခန်းသို့ ရောက်ရှိခဲ့ပြီး စခန်းတာဝန်ခံက ယာယီနေရာချထားရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုနှင့် ခွင့်ပြုပြီးရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ ပြီးစီးမှုကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စု ဝန်ကြီးများက လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ ပြန်လည်ဝင်ရောက်လာသူများအား သတ်မှတ်အချိန်ကာလအတွင်း ယာယီကြားစခန်း၌ စနစ်တကျထားရှိနိုင်ရေး၊ ကျန်းမာရေး၊ ရေ၊ မီး၊ မိလ္လာလုပ်ငန်းများကို ပြည့်စုံအောင် ဆောင်ရွက်ထားရှိရန်၊ ဆက်လက်တပ်ဆင်နေသည့် အသင့်နေထိုင်နိုင်သော နေအိမ်များကို အချိန်မီပြီးစီးအောင် တပ်ဆင်သွားရန် မှာကြားခဲ့ပြီး စခန်းအတွင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ရသေ့တောင်မြို့သို့ ရောက်ရှိပြီး စေတီတောင် ယာယီနေရပ်စွန့်ခွာစခန်းမှ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံကာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအနေဖြင့် ယာယီနေရပ်စွန့်ခွာသူများကို နေရပ်သို့ ပြန်လည်ပို့ဆောင်ကာ မူလအခြေအနေထက် ပိုကောင်းမွန်သော အခြေအနေဖြစ်အောင် စီမံဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းနိုင်မှုအခြေအနေများကို လည်းကောင်း ဗီဒီယိုမှတ်တမ်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ယာယီနေရပ်စွန့်ခွာစခန်းနေ ဒေသခံပြည်သူများ၏ တင်ပြချက်အပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

❖



# ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးသည် ယနေ့နံနက်ပိုင်းတွင် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ရှမ်းပြည်နယ်ဦးစီးမှူးရုံး ဝန်ထမ်းများအား အဆိုပါရုံး၌ တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် တောင်ကြီးမြို့ အေးသာယာရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဝန်ထမ်းများအား သွားရောက်တွေ့ဆုံပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စွယ်တော်ကျောင်းတိုက်သို့ သွားရောက်၍ ဆွမ်းဆန်တော်နှင့်အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းတက်ရောက်လျက်ရှိသည့် သင်တန်းသားများနှင့် ဝန်ထမ်းများကို အောင်ပန်းမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း၌ တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဟိုတယ်သင်တန်းသားများနှင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ကာ သင်တန်းကျောင်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကလောမြို့နယ်အတွင်း အမှတ်(၈)ရပ်ကွက် နီးဘုရားလမ်းခွဲမှ ရွှေမင်းဖုန်းကျေးရွာအုပ်စု - တောင်ပုံကျေးရွာသွားလမ်း လမ်းခင်းကျင်းနေမှုနှင့် နန်းသဲ-တောင်လား-တောင်ကွဲ-နန်းတိုင်း သွားလမ်း လမ်းခင်းကျင်းနေမှု လုပ်ငန်းခွင်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်အရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းကလည်း ဆိုက်ခေါင်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတို့မှ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ သင်တန်းသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ သင်တန်းသူများအတွက် ထောက်ပံ့ငွေများပေးအပ်ပြီး အိမ်တွင်းမှုကျောင်းဝင်းအတွင်း ဆောင်ရွက်နေသည့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့ပြင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက ဟိုပုံးမြို့ မဲနယ်တောင်ဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး ဟိုပုံးမြို့ မဲနယ်တောင်ဒေသအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။

# တီးတိန်မြို့၌ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

**တီးတိန် ဖေဖော်ဝါရီ ၈**

ချင်းပြည်နယ် တီးတိန်မြို့၌( ၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စကောလမ်းရပ်ကွက်ရှိ လွတ်လပ်ရေးကျောက်တိုင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒေါ်ကျင်းဟွဲလွန်းက လမ်းနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြခဲ့ပြီး တီးတိန်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကိုကိုဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး လမ်းသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လွတ်လပ်ရေးကျောက်တိုင်လမ်းကတ္တရာလမ်းသစ်သည် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေကျပ် ၄၀ ဒသမ ၂၉၃သန်းဖြင့်Lily Mother ကုမ္ပဏီက တင်ဒါအောင်မြင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို
တတ်နိုင်သမျှ လျှော့စားစို့

## နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဇန်နဝါရီ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၁၅/၂၀၂၃)ဖြင့် လည်းကောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃) ဖြင့် လည်းကောင်း၊ နိုင်ငံရေးပါတီ တည်ထောင်ခွင့်၊ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် တို့နှင့်စပ်လျဉ်း၍ ကြေညာချက်အမှတ် (၂/၂၀၂၃)၊ (၃/၂၀၂၃)တို့ဖြင့် လည်းကောင်း ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **မြန်မာပြည်သူ့ ဒီမိုကရက်တစ်ပါတီ (MPD)** သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ယနေ့တွင် လာရောက်လျှောက်ထားခဲ့သဖြင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အသိပေးနှိုးဆော်ချက်

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများ ဖွင့်ပွဲအခမ်းအနားကို (၁၀.၂.၂၀၂၃) ရက်နေ့တွင် ပြည်သူ့ရင်ပြင်၌လည်းကောင်း၊ (၁၂.၂.၂၀၂၃) ရက်နေ့တွင် ပြည်ထောင်စုနေ့အခမ်းအနားအား ပြည်သူ့ရင်ပြင်ရှေ့လွှတ်တော်ဝင်းတန်းစီကွင်း၌လည်းကောင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ (၁၀.၂.၂၀၂၃)ရက်နှင့် (၁၂.၂.၂၀၂၃) ရက်နေ့များတွင် ၀၄:၀၀ နာရီမှ အခမ်းအနားပြီးဆုံးချိန်အထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်ဘက်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ပြောင်းလဲမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**



## တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) ဖျာပုံမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်ရောက်ရှိနေသော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် ဖျာပုံမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၆၉၀ အား ၎င်းမြို့ရှိ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၈၅ ဦး၊ ခွဲစိတ်ရောဂါ ၄၅ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၃ ဦး၊ ကလေးရောဂါ ၂၉ ဦး၊ အရိုးအကြောရောဂါ ၁၅၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၉ ဦး၊ မျက်စိရောဂါ ၁၂၈ ဦးနှင့် သွားရောဂါ ၆၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၁၀ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၁၂ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများနှင့် တယ်လီဗေးရှင်းဓာတ်မှန်ရိုက်လူနာ ၄၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၆၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၇၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၁၈ ခုနှစ်အတွင်း ပို့ကုန်တင်ပို့ပြီး ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန် ကျန်ရှိသော ကုမ္ပဏီများစာရင်းရှိ Aung Khant Myat Co., Ltd တွင် ဒါရိုက်တာအမည်ပြင်ဆင်ချက်

(၁၀-၅-၂၀၂၂) ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် ၂၀၁၈ ခုနှစ်အတွင်း ပို့ကုန်တင်ပို့ပြီး ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန် ကျန်ရှိသော ကုမ္ပဏီများအား နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၂-က အရ အရေးယူဆောင်ရွက်လျက်ရှိပြီး ကုမ္ပဏီများနှင့် ပူးတွဲဖော်ပြထားသည့် ကုမ္ပဏီများ၏ ဒါရိုက်တာအဖွဲ့ဝင်များအား အမည်မည်းစာရင်းထည့်သွင်းကြောင်း ကြေညာခဲ့ပါသည်။ အဆိုပါစာရင်းရှိ Aung Khant Myat Company Limited တွင် ဒါရိုက်တာတစ်ဦး၏အမည် လွဲမှားပါရှိနေပါသဖြင့် Aung Khant Myat Company Limited ၏ ဒါရိုက်တာအမည်စာရင်းအား အောက်ပါအတိုင်း ပြင်ဆင်ကြေညာပါသည်။

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာအဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| ၄။ | Aung Khant Myat Company Limited | U Aung Zaw Lin<br>U San Lin Aung<br>Daw Pa Pa Khine | No (203), Room (2-A), 32rd Street, Pabadan Township, Yangon Region | 14/Ma Ah Pa (N) 193962<br>12/ Da Ga Ya (N) 018784<br>14/Ma Ah Pa (N) 193961 |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(၈-၂-၂၀၂၃)

✻ ကျောဖုံးမှ

အဆိုပါ တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့တွင် ဆေးကုသမှုပါရဂူ၊ ခွဲစိတ်ပါရဂူ၊ သားဖွား/မီးယပ်ပါရဂူ၊ ကလေးပါရဂူ၊ အရိုးပါရဂူ၊ မျက်စိပါရဂူ၊ နား၊နှာခေါင်း၊လည်ချောင်းပါရဂူ၊ သွားပါရဂူ၊ မေ့ဆေးပါရဂူ၊ ရောဂါဗေဒပါရဂူ၊ ဓာတ်မှန်ပါရဂူ၊ ဆေးဝါးဗေဒပါရဂူ၊ ပြည်သူ့ကျန်းမာရေးပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုအရာရှိ၊ စစ်သည်များနှင့်အတူ ရွေ့လျားခွဲစိတ်ကုသယာဉ်၊ ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်၊ ရွေ့လျားဓာတ်ခွဲခန်းယာဉ်နှင့် ရွေ့လျားသွားရောဂါ ခွဲစိတ်ကုသရေးယာဉ် တို့ပါဝင်ပြီး မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး အတွင်းရှိ ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြိုဆိုနှုတ်ဆက်**

အဆိုပါ တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သည် ယနေ့ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရေဝေကျေးရွာသို့ ရောက်ရှိကြရာ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ထန်းတပင်မြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ထန်းတပင် ဖေဖော်ဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူးကျင်းပသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းသင်းအေးက အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ထန်းတပင်မြို့မရဲစခန်း ဒုရဲမှူး ရဲမင်းထက် က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ၊ နည်းဥပဒေများအကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ထန်းတပင်မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးခင်ဆွေက လူကုန်ကူးခံရမှုဖြစ်ပွားနိုင်သည့်အခြေအနေများ၊ မြို့နယ်တရားသူကြီး ဦးထွန်းမျိုးဌေးက လူကုန်ကူးခံရပါက ဖြစ်ပွားနိုင်သည့် ဆိုးကျိုးအန္တရာယ်များအကြောင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်မြင့်က လူကုန်ကူးမှုနှင့်ပတ်သက်သည့် အကြောင်းအရာများနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှဲ့လှဲ့အေးက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်သည့် အသိပညာဗဟုသုတများကို တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား အသိပညာပေးပြောကြားသည်။

အဆိုပါဟောပြောပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး



စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၈

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ခန့်ထားပေးနိုင်ခဲ့**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနသည် တိုင်းရင်းသားများ၏ စာပေနှင့်ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရှမ်းပြည်နယ်ရှိ အခြေခံပညာကျောင်းများ၌ တိုင်းရင်းသားစာပေသင်ကြားခွင့်ရရှိပြီးဖြစ်သည့် တိုင်းရင်းသားမျိုးနွယ်စုကိုးစုတို့၏ (Teaching Assistant–TA) နှင့် (Language Teacher–LT) တို့ကို ၂၀၁၇–၂၀၁၈ ခုနှစ်မှ ၂၀၂၂–၂၀၂၃ ခုနှစ်အထိ TA စုစုပေါင်း ၁၇၁၂ ဦးနှင့် LT ၄၀ ကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ခန့်ထားပေးနိုင်ခဲ့ကြောင်း၊ အဆိုပါ (TA/LT) ဆရာ ဆရာမများအနက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများကို အမြဲတမ်းဝန်ထမ်းအဖြစ်ခန့်ထားနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအနေဖြင့် တိုင်းရင်းသားအရေးကိစ္စရပ်များဆောင်ရွက်ရာတွင် ပါတီနိုင်ငံရေးကိစ္စရပ်များ၊ ဘာသာစွဲနှင့် ပုဂ္ဂိုလ်စွဲမထားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့မှတ်ပုံတင်များ ဆောင်ရွက်ရာတွင် နိုင်ငံတော်မှထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်း၊ ဓနု၊ ပအိုဝ်း၊ တောင်ရိုး၊ အင်းသား၊ ကိုးကန့်၊ လီဆူ၊ ထနော့နှင့် ကချင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက သက်ဆိုင်ရာတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာများကို ဆွေးနွေးတင်ပြရာ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်တို့က ဖြည့်စွက်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးတို့သည် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များကို ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့နယ် အေးသာယာမြို့သို့ သွားရောက်ပြီး မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေအထောက်အပံ့ဖြင့် တည်ဆောက်နေသည့် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ အဆောက်အအုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# (၇၆)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံ - ကြာအင်းလမ်း ကတ္တရာကွန်ကရစ်လမ်းဖွင့်လှစ်

ဘားအံ ဖေဖော်ဝါရီ ၈

(၇၆)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ကရင်ပြည်နယ်လမ်းဦးစီးဌာန၏ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော ဘားအံ–ကြာအင်း ကတ္တရာကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီက Zwekapin Valley Resort ရှေ့ရှိ အဆိုပါ လမ်းမုခ်ဦး၌ ကျင်းပသည်။

လမ်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ကရင်ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)က လမ်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြကာ ကတ္တရာကွန်ကရစ်လမ်း ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဘားအံ–ကြာအင်း ကတ္တရာကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းအားဖြတ်သန်းကြည့်ရှုစစ်ဆေးကြကာ လမ်းဖွင့်ပွဲတွင် ကူညီအားဖြည့်ပေးကြသော ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယနေ့ဖွင့်လှစ်သည့် ဘားအံ–ကြာအင်းကတ္တရာကွန်ကရစ်လမ်းသည် ဘားအံမြို့ ကြာအင်းမီးပွိုင့်လမ်းဆုံမှ တော်ပုံကျေးရွာထိ ၈ ဒသမ ၆၅ ကီလိုမီတာရှည်လျားပြီး ယခင် ၁၂ ပေ အကျယ်ကတ္တရာလမ်းအား ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင် ၄ ကီလိုမီတာ၊ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်တွင် ၄ ဒသမ ၁ ကီလိုမီတာအား ၁၈ ပေအကျယ်ကတ္တရာ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ဘားအံမြို့တွင်းမှ တော်ပုံကျေးရွာ ဇွဲကပင်တောင်ခြေဘက်သို့လည်းကောင်း၊ ဇွဲကပင်တောင်ဘက်ခြမ်းမှ ဘားအံမြို့တွင်းသို့လည်းကောင်း အချိန်တိုလျင်မြန်စွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲဖိတ်ခေါ်ခြင်း

နေပြည်တော် ဖေဖော်ဝါရီ ၈

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၂၃ ခုနှစ် မတ်လ(၈)ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို **"ကျား၊ မ တန်းတူညီမျှဖို့ နည်းပညာနဲ့ ဆန်းသစ်စို့"** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင်ဆောင်းပါးကို အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်ခြင်းနှင့် ကျား၊ မ တန်းတူညီမျှမှုကို မြှင့်တင်သည့် တီထွင်ဆန်းသစ်မှုများနှင့် စပ်လျဉ်းသည့် အကြောင်းအရာများဖြင့် အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ ရေးသားပေးပို့ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည် –

(က) ပြိုင်ပွဲတွင် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

(ခ) ပြိုင်ပွဲဝင်များသည် သတ်မှတ်ထားသောခေါင်းစဉ်အောက်မှ မိမိကြိုက်နှစ်သက်ရာပုံစံဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဂ) ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 ဆိုဒ် စာမျက်နှာအနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ ရေးသားယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဃ) ကွန်ပျူတာစာလုံးMyanmar Unicode (Pyidaungsu Font) စာလုံးအရွယ် အစား–၁၄ (Font Size 14 ) စာကြောင်းအကွာအဝေး ၁.၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မပတ်လည် (Margins 1" ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည်ဖြစ်ပါသည်။

(င) ပြိုင်ပွဲဝင်များပေးပို့သည့်စာမူများသည် မိမိကိုယ်တိုင်ဖန်တီးရေးသားထားသည့် စာမူဖြစ်ပြီး၊ ပေးပို့လာသည့်စာမူသည် ဂျာနယ်၊ မဂ္ဂဇင်းများနှင့် မီဒီယာများတွင် ဖော်ပြထားပြီးသည့် စာမူများမဖြစ်စေရပါ။

(စ) ဆုရွေးချယ်ခံရခြင်းမရှိသောဆောင်းပါးများအား ပြန်လည်ပေးပို့မည်မဟုတ်ပါ။

(ဆ) ပြိုင်ပွဲဝင်ဆောင်းပါးအားပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကိုပြိုင်ပွဲဝင်သူမှ သဘောတူ ခွင့်ပြုရပါမည်။

၃။ ပြိုင်ပွဲဝင်ဆောင်းပါးများကို ပညာရှင်များပါဝင်သော ဆုများစိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။ ပထမဆု၊ ဒုတိယဆု၊ တတိယဆု စုစုပေါင်း(၃)ဆုကို ချီးမြှင့်မည်ဖြစ်ပြီး ဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်သည်။

၄။ ပြိုင်ပွဲဝင်ဆောင်းပါးများကို (Hard / Soft –copy) တစ်စုံစီ၊ ကိုယ်တိုင်ဖန်တီးရေးသားထားကြောင်း ဝန်ခံကတိပြုချက်၊ ပြိုင်ပွဲဝင်သူ၏အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်၊ ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ ၃ ပုံ၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်–၂၃၊ နေပြည်တော်၊ (တယ်လီဖုန်းအမှတ်၊ ၀၆၇–၄၀၄၂၅၀၊ ၀၆၇–၄၀၄၂၅၁၊ အီးမေးလ် dswmncw2023@gmail.com သို့ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ (၂၀) ရက်နေ့ ညနေ(၄)နာရီ နောက်ဆုံးထား၍ဆက်သွယ်ပေးပို့နိုင်ပါသည်။ (သတ်မှတ်ရက်ကျော်လွန်ပြီး အမှတ်စဉ်(၂) (ဂ၊ ဃ ၊ င)ပါ စည်းကမ်းချက်များနှင့် မကိုက်ညီသော ဆောင်းပါးများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။)

၅။ ဆုရရှိသူများကို ၂၀၂၃ ခုနှစ်၊ မတ်လ(၈)ရက်နေ့တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန–၂၊ MICC–II နေပြည်တော်၌ ကျင်းပပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

**ညီညွတ်ခြင်းသည် စွမ်းအင်**
**စည်းလုံးခြင်းသည် ခွန်အား ပြည်ထောင်စု၏ နှလုံးသား**

(၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ပင်လုံသစ္စာ ကမ္ဘာတည်သရွေ့ ခိုင်မြဲပါမှ ...

ဒေါက်တာမောင်သင်း

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် “ပင်လုံသစ္စာလမ်း” သာ ဖောက်လုပ်နိုင်ခြင်းမရှိခဲ့လျှင် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ ဖြစ်လာနိုင်ပါ့မလားဟုမြင်ပါသည်။ လွတ်လပ်ရေးမုခ်ဦးကြီးဆီ အရောက်ချီတက်နိုင်ဖို့ ပင်လုံတွင် ပြည်ထောင်စုသစ္စာလမ်းမကြီးကို အရင်ဖောက်ခဲ့ရသည်။ ထိုလမ်းကို ရှေးပဝေသဏီကတည်းက သည်မြေမှာနေ၊ သည်ရေကိုအတူသောက်ပြီး ကြီးပြင်းရှင်သန်လာခဲ့သည့် တစ်အူထုံ့ဆင်း ညီရင်းအစ်ကို သွေးချင်းစိတ်ထားအရင်းခံကာ သံသယကင်းသည့် အပြန်အလှန်ယုံကြည်မှု၊ လေးစားမှုတို့ဖြင့် နောက်မျိုးဆက်များအတွက် လွတ်လပ်ရေးအမွေပေးရန် ခင်းခဲ့ကြခြင်းဖြစ်ပေသည်။

ဤသစ္စာလမ်းကို အရင်ဖောက်ခဲ့နိုင်မှသာ နယ်ချဲ့သွေးခွဲမှုမှကင်းပြီး လွတ်လပ်ရေးမုခ်ဦးကို တည်ဆောက်နိုင်မည်ဆိုသည်ကို ပြည်ထောင်စုဖွား တိုင်းရင်းသားခေါင်းဆောင်များ သိခဲ့ကြသည်။ သွေးခွဲဝါဒ မှိုင်းမှုန်ကြားက **“စည်းလုံးညီညွတ်မှုသစ္စာ”** တည်ခဲ့သည်မှာ (၇၆) နှစ်ဆီ လှမ်းတက်ခဲ့ပေပြီ။ လွယ်လွယ်ကူကူတော့မဟုတ်ပေ။ သွေးခွဲမှုမှိုင်းစုံကြားကို တိုင်းရင်းသားခေါင်းဆောင်များ၏ ဉာဏ်ပညာအလင်းဖြင့် ထိုးဖောက်နိုင်ခဲ့ခြင်းကြောင့်ပါ။

## “စက္ကူဖြူ စီမံကိန်း” (သို့) “ဆင်းမလားစီမံကိန်း”

၁၉၄၅ ခုနှစ် မေလတွင် မြန်မာနိုင်ငံသို့ ပြန်လာသည့် ဘုရင်ခံဒေါမန်စမစ်နှင့်အတူ စစ်ပြီးခေတ် မြန်မာနိုင်ငံကို အုပ်ချုပ်ရန် စစ်ရှောင်ဆင်းမလားမြို့၌ ရေးဆွဲခဲ့သည့် “စက္ကူဖြူ စီမံကိန်း” (သို့) “ဆင်းမလားစီမံကိန်း” ကို ယူဆောင်လာပါသည်။ ထိုစီမံကိန်းတွင် “မြန်မာနိုင်ငံထူထောင်ရေးကာလ” ကို ငါးနှစ် (သို့) ခုနစ်နှစ် သတ်မှတ်ထားသည်။ ထိုကာလကုန်ဆုံးမှ လွတ်လပ်သော ပါလီမန်ဖွဲ့စည်းခွင့်ပေးရန်၊ တစ်နည်းအားဖြင့် ငါးနှစ်သို့မဟုတ် ခုနစ်နှစ်အတွင်း လွတ်လပ်ရေးမပေးရန် အဆိုပြုခဲ့သည်။

ထို့အပြင် တိုင်းရင်းသားရေးရာနှင့် ပတ်သက်၍ ထိုစီမံကိန်း၏ သတ္တမအချက်တွင် “မြန်မာနိုင်ငံ အလယ်ပိုင်း မြန်မာလူမျိုးတို့နှင့် ဘာသာစကား၊ ဓလေ့ထုံးစံ၊ နိုင်ငံရေးတိုးတက်မှု အဆင့်အတန်း မတူကြသူတို့ နေထိုင်ရာ ရှမ်းပြည်နယ်မြေများနှင့် လူမျိုးစုတို့နေထိုင်ရာ တောတောင်ထူထပ်သည့် နိုင်ငံအစွန်အဖျားဒေသများပါဝင်သည့် ခြွင်းချန်နယ်မြေများကိုမူ ထိုလူမျိုးများက မိမိတို့နေထိုင်သောဒေသများကို ပြည်မနှင့် သင့်လျော်သောပုံစံဖြင့် ပူးပေါင်းလိုကြောင်း မိမိတို့ဆန္ဒကို ထုတ်ဖော်ခြင်း မပြုသေးမီအတောအတွင်း ဘုရင်ခံက အထူးစီမံ အုပ်ချုပ်ထားရလိမ့်မည်ဖြစ်ကြောင်း” ပါရှိရာ မြန်မာပြည်မကို မတတ်သာ၍ လွတ်လပ်ရေး ပေးလျှင်လည်း တောင်တန်းဒေသကို ချန်ထားမည့် သဘောပင်ဖြစ်သည်။

ပို၍ထင်ရှားသည်မှာ လွတ်လပ်ရေးအတွက် ချုပ်ဆိုသည့် အောင်ဆန်း – အက်တလီစာချုပ်တွင် “နယ်မြေဒေသများ” ဟူသည့် ခေါင်းစဉ်၌ “မြန်မာနိုင်ငံအစိုးရနှင့် ပူးပေါင်းတွဲဖက်ပုံနှင့် ပတ်သက်၍ မိမိတို့၏ထင်မြင်ချက်များကို ထုတ်ဖော်ပြောဆိုနိုင်ရန် နောက်လဆန်းတွင် ကျင်းပမည့် ပင်လုံကွန်ဖရင့် (သို့) ဤကိစ္စအတွက်ကျင်းပသော အထူးကွန်ဖရင့်တွင် နယ်ခြားဒေသကိုယ်စားလှယ်များကို မေးမြန်းရမည်ဖြစ်ကြောင်း” ပါရှိနေခြင်းက ပြည်မနှင့် တောင်တန်းဒေသကို ခွဲခြားသည့် သဘောပါရှိနေပေသည်။



၁၉၄၆ ခုနှစ်က ဗိုလ်ချုပ်အောင်ဆန်း လွတ်လပ်ရေးအတွက် အရေးဆိုရန် လန်ဒန်ရောက်ရှိချိန် ဗြိတိသျှစစ်အရာရှိများနှင့်အတူ တွေ့ရစဉ်။

တကယ်တော့ ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့သည် လန်ဒန်တွင် လွတ်လပ်ရေးအတွက် အရေးဆိုစဉ်က တောင်တန်းဒေသများအပါအဝင် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရန်ဖြစ်သည်။ မြန်မာနိုင်ငံ၏ မည်သည့်ဒေသမျှ မကျန်စေလိုသည့် စေတနာအပြည့်ပါ။ သို့သော်လည်း လန်ဒန်တွင် ဆွေးနွေးနေစဉ်ပင် တောင်တန်းမင်းကြီးမစ္စတာ စတီဗင်ဆင်၏ မြှောက်ပေးမှုကြောင့် စော်ဘွားအချို့က “ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်နယ် စော်ဘွားများ၏ ကိုယ်စားလှယ်မဟုတ်၊ တောင်တန်းနယ်များကိစ္စဆွေးနွေးရန် ရှမ်းပြည် စော်ဘွားများကို သီးသန့်ဖိတ်ကြားပါ”ဟု ကြေးနန်းစာကို လားရှိုးမှတစ်ဆင့် တိတ်တဆိတ်ပေးပို့ခဲ့သည်။ အဆိုပါ ကြေးနန်းကြောင့် ဗြိတိသျှအစိုးရနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ ဆွေးနွေးပွဲ မကျေမလည်ဖြစ်ခဲ့ရသည်။

## တောင်ကြီးမြို့၌ လူထုစည်းဝေးပွဲကြီးကျင်းပ

ထိုကြေးနန်းအကြောင်းကို သိရသော ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့ဝင် ရှမ်းပြည်လူထုခေါင်းဆောင်များက တောင်ကြီးမြို့၌ လူထုစည်းဝေးပွဲကြီး ကျင်းပ၍ “တောင်တန်းဒေသများသည် မြန်မာပြည်မနှင့် ပူးပေါင်း၍ လွတ်လပ်ရေးကိုရယူလိုကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းသားများအတွက်လည်း ပြောပိုင်ခွင့်ရှိကြောင်း ဗိုလ်ချုပ်၏ အဆိုပြုချက်များကို လုံးဝထောက်ခံကြောင်း” ဆုံးဖြတ်ချက်ကို တညီတညွတ်တည်း ချကာ လန်ဒန်သို့ သံကြိုးစာပေးပို့ခဲ့သည်။

ထိုသံကြိုးစာရမှသာ လန်ဒန်တွင် လွတ်လပ်ရေးဆွေးနွေးပွဲ ဆက်လက်ကျင်းပနိုင်ခဲ့ကာ “အောင်ဆန်း – အက်တလီ” စာချုပ်ကို ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ချုပ်ဆိုနိုင်ခဲ့သော်လည်း အထက်တွင်ဖော်ပြခဲ့သကဲ့သို့ “နောက်လဆန်းတွင် ကျင်းပမည့် ပင်လုံကွန်ဖရင့် သို့မဟုတ် ဤကိစ္စအတွက် ကျင်းပသော အထူးကွန်ဖရင့်တွင် နယ်ခြားဒေသခေါင်းဆောင်ကိုယ်စားလှယ်များကို မေးမြန်းရမည်ဖြစ်ကြောင်း” ဟူ၍ ပါရှိလာခြင်းသည်လည်း စက္ကူဖြူစီမံကိန်းအတိုင်း တောင်တန်းဒေသကို ချန်ထားလိုသည့်သဘော သက်ရောက်နေပေသည်။

တကယ်တော့ ကျွန်တော်တို့တစ်တွေ ကျွန်ဘဝရောက်ရခြင်းမှာ မညီညွတ်မှုကြောင့် ဖြစ်ပါသည်။ မင်းတုန်းမင်းလက်ထက်တွင် အတ္တစွဲကြီးကြသည့် မင်းညီမင်းသားတို့သည် “မင်းအာဏာ” ကိုသာ အပြိုင်အဆိုင်ရယူလိုသည်၊ အာဏာရရေးသာ စိုင်းပြင်းကြသည်၊ နိုင်ငံ၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကြိုးပမ်းနေသည့် ဦးရီးတော် “ကနောင်မင်းသားကြီး”ကို သတ်ပစ်ကြသည်။ ခေတ်မီလက်နက်ထုတ်လုပ်မည့် မက္ခရာမင်းသားကြီးကိုလည်း အာဏာမက်သူအုပ်စုက လုပ်ကြံခဲ့ကြသည်။ အာဏာမက်သည့် အမိုက်မှောင်က **“အချုပ်အခြာအာဏာရှိသည့် နိုင်ငံရှိမှ၊ မင်းအာဏာရှိမည်”**၊ သို့ဖြစ်၍ နိုင်ငံကို စောင့်ရှောက်ရမည်၊ နိုင်ငံအချုပ်အခြာအာဏာတည်မြဲအောင် ထိန်းသိမ်းရမည် ဟူသည့် ဉာဏ်အလင်းကို ဖုံးလွှမ်းသွားခဲ့သည်။ နောက်ဆုံးတော့ အင်အားချည့်နဲ့သည့် ကုန်းဘောင်မင်းဆက်သည် ကျားငစဉ်းလဲ ကိုလိုနီလက်အောက်သို့ရောက်ကာ စည်းလုံးညီညွတ်မှုကင်းသည့် ဘယ်မင်းညီမင်းသားမျှ ရှင်ဘုရင်မဖြစ်ခဲ့၊ တစ်ပါးကျွန်ဘဝသို့ ရောက်ရတာသာ အဖတ်တင်ခဲ့သည်။ နှစ်ပေါင်းထောင်ချီ ထိန်းသိမ်းလာခဲ့သည့် မြန်မာမင်းဆက် ပျက်သုဉ်းခဲ့သည်။ ဤသို့စည်းလုံးမှုပျက်ပြားမှုရအောင် လုပ်ဆောင်ခဲ့ပြီး ကျွန်ပြုခဲ့သူတို့သည် ယခု လွတ်လပ်ရေးပေးခါနီးတွင်လည်း စည်းလုံးမှုပျက်အောင် အမျိုးမျိုးကြံဆောင်ခဲ့ကြသည်။

**စာမျက်နှာ ၁၃ သို့ ◆**

**“ တန်ဖိုးမဲ့သွေးခွဲဝါဒီ ကိုလိုနီလက်သစ်များကတော့ ခေတ်၏သည်းခြေကြိုက် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို သပ်လျှိုဆောင်ပုဒ်အဖြစ်သုံးကာ ပင်လုံအခြေပြု စည်းလုံးညီညွတ်မှုသစ္စာကို ယိုင်နဲ့အောင်လုပ်သည်ကို ဉာဏ်ဖြင့်မြင်အောင် ကြည့်ရပါလိမ့်မည်။ ရွှေမှန်ကင်းအစစ်ကို ထင်းဖြစ်အောင်လုပ်ကာ တိုင်းရင်းသားများ၏ ရတနာအစစ် “လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် စည်းလုံးညီညွတ်မှု” တို့ကို ပြာဖြစ်အောင် မီးရှို့ခံ၍မဖြစ်ပါ။ ခေတ်သစ်မြန်မာ့သမိုင်း၏ စိန်ရတုကို တစ်နှစ်ကျော်ခဲ့သည့် “တစ်အူထုံ့ဆင်း ညီရင်းမောင်နှမစိတ်ဓာတ်” ပျက်ယွင်းသည်အထိ မင်းသားခေါင်းမျက်နှာဖုံးကို တပ်ကာ သွေးခွဲဘီလူး၊ ခေတ်သစ်ကိုလိုနီဝါဒသမားများက ဖျက်နေကြဆဲပါ၊ ဒါကိုပညာသတိဖြင့် တွန်းလှန်ရပါလိမ့်မည်။ အပေါ်ယံမင်းသားမျက်နှာဖုံးကို နှစ်သက်မှုမပြုကြပါနှင့်။ ကြိုက်မိလျှင် မျက်နှာဖုံးအောက်က နယ်ချဲ့ဘီလူး၏ အစားခံ၊ အဝါးခံရပါလိမ့်မည်။ အကာနှင့်အနှစ်၊ အတုနှင့်အစစ်ကို ခွဲခြားနိုင်သည့် ပြည်ထောင်စုတိုင်းရင်းသားများအနေဖြင့် ဉာဏ်ပညာဖြင့်ယှဉ်သည့် သတ္တိရှိရမည်။ ပညာဉာဏ်ဖြင့် “ပင်လုံသစ္စာ” ခိုင်မြဲအောင် ချွန်းအုပ်နိုင်ရမည် ”**

◆ စာမျက်နှာ ၁၂ မှ

ကိုလိုနီနယ်ချဲ့တို့ မေ့နေသည်မှာ “ပင်လုံညီလာခံသို့ တက်ရောက်လာကြသော တိုင်းရင်းသားတို့သည် မြန်မာဘုရင့်သားများ၏ စည်းလုံးမှုကွဲခဲ့သည့် ကိုလိုနီကျွန်ဘဝ၏ ဆိုးမွေဒဏ်ခံခဲ့ရမှုကို ခါးစည်းခံခဲ့ရသဖြင့် စည်းလုံးမှုတန်ဖိုးကို မျိုးဆက်နှင့်ချီ၍ သိခဲ့ကြပေပြီ။ သို့ဖြစ်၍ မင်းညီမင်းသားများကဲ့သို့ အာဏာမမက်၊ စည်းလုံးမှုကိုသာ ခိုင်မြဲစွာဖက်တွယ်၏၊ အမှောင်နှင့်အလင်းကိုသိ၏၊ **“သွေး”** နှင့် **“ရေ”** တန်ဖိုးကွာခြားမှုကို နားလည်၏၊ သွေးစည်းမှုမြဲမှ၊ ကိုလိုနီကျားငစဉ်းလဲ မလာဝံ့တာကို သတ္တိနှင့် ဉာဏ်ပညာဆောင်၍ ကြည့်နိုင်၊ မြင်နိုင်၊ ကာကွယ်နိုင်ခဲ့သည်။ တိုင်းရင်းသားများ၏ သွေးစည်းညီညွတ်မှုသတ္တိကို ကိုလိုနီနယ်ချဲ့များ တုန်လှုပ်သွားသည်အထိ ပြခဲ့ကြသည်။ ထိုနေ့ကို **“ပင်လုံသစ္စာပြုသည့်နေ့”** (သို့) **“ပြည်ထောင်စုနေ့”** ဟု မြန်မာ့သမိုင်းတွင် ကမ္ပည်းရေးထိုးနိုင်ခဲ့သည်။

### သွေးခွဲအဖျက်မှိုင်းကိုကြံ့ကြံ့ခံ

ထိုသို့ ကမ္ပည်းထိုးနိုင်ခဲ့ခြင်းမှာ ထိုစဉ်က တိုင်းရင်းသားခေါင်းဆောင်များသည် အောင်မြင်ခြင်း၏ သော့ချက်က ဘယ်ဟာနှင့် အတု၊ အစစ်ခွဲခြားနိုင်မှုပညာကို ပိုင်ဆိုင်ကြသည်။ ယင်းပညာသည် ဓမ္မနှင့် အဓမ္မကို ပိုင်းခြား၏။ ငြိမ်းချမ်းမှု၊ မငြိမ်းချမ်းမှုကိုသိ၏။ သွေးခွဲအဖျက်မှိုင်းကိုကြံ့ကြံ့ခံနိုင်၏။ ပြည်ထောင်စုတိုင်းရင်းသားများက ဘယ်ဟာ **“အနှစ်”**၊ ဘယ်ဟာ **“အကာ”** ကို ကွဲပြားအောင်ကြည့်နိုင်၏။ သို့သော် ဆက်လက်သွေးခွဲလိုကြသူ ဗြိတိသျှတို့က နည်းမျိုးစုံခွဲခဲ့ကြ၏။ ဥပမာအားဖြင့် “စက္ကူဖြူစီမံကိန်း” အရ “ကချင်နယ်သည် မြန်မာနိုင်ငံထဲမပါဝင်ဘဲ တသီးတခြားနေလိုကနေနိုင်ကြောင်း၊ ကချင်အမျိုးသားအဆင့်အတန်းမီအောင်အတွက် မိမိတို့ကထောက်ပံ့ကူညီမည်” စသည်ဖြင့် မြစ်ကြီးနားမြို့တွင် ဘုရင်ခံဆာဒေါ်မန်စမစ်ကိုယ်တိုင် သွေးခွဲခဲ့သည်။

ထို့အတူ“ကရင်နီနယ် (ယနေ့ကယားပြည်နယ်)ကို အက်ဒီပင်းဒင့်နယ်မြေဖြစ်သည်၊ ဗမာပြည်အဆင့်အတန်းထက် မြင့်သည်၊ ကိုယ့်ကောင်စီနှင့် ကိုယ် လုပ်နိုင်သည်၊ အင်္ဂလိပ်ထံ ငွေချေး၍ ပြန်လည်ထူထောင်နိုင်သည်” စသည်ဖြင့် တောင်တန်းဒေသဆိုင်ရာ မဟာမင်းကြီး စတီဗင်ဆင်က ခြေထိုး၏၊ တချို့နားယောင်၏၊ သို့သော် ကရင်နီလူထုကိုယ်စားလှယ်များ တတိယအကြိမ် တိုင်းပြုပြည်ပြုလွှတ်တော်တက်ရောက်လာခြင်းက ဗြိတိသျှတို့၏ ကရင်နီပြည်နယ်တွင် သွေးခွဲဇာတ်လမ်းသည် ကျဆုံးမှုဖြင့် အဆုံးသတ်စေခဲ့သည်။

ပင်လုံတွင် သစ္စာပြုခဲ့ကြသည့် တိုင်းရင်းသားခေါင်းဆောင်တို့က ဘာလုပ်ရမည်၊ ဘာလုပ်သင့်သည်တို့ကို ကွဲပြားစွာသိ၏။ မလုပ်သင့်တာက ဘာဆိုတာလဲ ဉာဏ်ပညာဦးဆောင်ကာ ပိုင်းခြားနိုင်ခဲ့ကြသည်။ ပြီးနောက် လုပ်ရမည့်အလုပ်ကို ရဲရဲတင်းတင်း ပြတ်ပြတ်သားသားဆုံးဖြတ်ဆောင်ရွက်နိုင်ခဲ့ကြသည်။

**“ဒီအစည်းအဝေးကြီးမှာ ကျွန်တော်တို့အချင်းချင်းတွေမတည့်အောင် ခြေထိုးခံသူတွေရှိကြောင်းကို သိပါတယ်။ ယင်းသို့ရှိပေမယ့် ကျွန်တော်တို့ “မအ” ကြပါဘူး၊ ကျွန်တော်တို့ လိုလားတဲ့ လွတ်လပ်ရေးပန်းတိုင်ကို အသက်နဲ့လဲပြီး ဆွတ်ခူးမယ်ဆိုတာ ယုံကြည်ပါ”** ဟု ပင်လုံအစည်းအဝေး ဥက္ကဋ္ဌ တောင်ပိုင်းစော်ဘွားကြီး စဝ်ခွန်ပန်းဆိုင်၏ စကားက သက်သေခံနေသည်။ လုပ်သင့်လုပ်ထိုက်သည်ကို နားလည်သဘောပေါက်၍ လုပ်ကြမည်ဆိုသည့်သတ္တိအပြည့်ဖြင့် ပြောဆိုခဲ့သည့်စကားဖြစ်ပါသည်။ တောင်တန်းသည် မြေပြန့်နှင့်အတူ လွတ်လပ်ရေး မဖြစ်မနေယူမှုဖြစ်မည်။ ချန်ထားလျှင် တောင်တန်းသားများ ကျွန်သက်ဆက်ရှည်မည်ကို ကြိုတင်၍ ကွဲကွဲပြားပြားမြင်ကြ၏။ ဗြိတိသျှတို့က ဒိုမီနီယံအဆင့်ကောင်းကြောင်းဖြင့် ထပ်မံသွေးခွဲသေး၏။

ကျွန်ဖြစ်စဉ်က ပြည်မနှင့်အတူတူ အသိမ်းပိုက်ခံကျွန်ဘဝရောက်ခဲ့ရ၏။ လွတ်လပ်ရေးပေးရမည်ဆိုတော့ တောင်တန်းဒေသများကို ချန်နေခဲ့ရန် မဖြစ်နိုင်ပေ။ ဗိုလ်ချုပ်အောင်ဆန်းကလည်း **“လူဖြူဖြစ်စေ၊ လူမည်းဖြစ်စေ၊ မည်သူ့ကိုမျှ သူတို့က လာမေးလျှင် တောင်တန်းသားတို့လည်း လွတ်လပ်ရေးကို လိုချင်ကြောင်း၊ ခြောက်လျှင်လည်းမကြောက်ကြနဲ့၊ ချော့လျှင်လည်း မပျော့ကြနဲ့၊ တောင်တန်းသားတို့သည် မြန်မာပြည်မကဲ့သို့ တန်းတူအခွင့်အရေး လိုချင်ကြောင်းပြောရမည်”** ဟု လုပ်သင့်သည့် သွေးစည်းသတ္တိစကားကိုသာ ဆို၏။

တောင်တန်းဒေသကို ချန်ထားမှုကို မလိုချင်။ အတူလွတ်လပ်ရေးရချင်၏။ ပညာပြည့်ဝကြသည့် ခေါင်းဆောင်ပိုင်းက ဘာလုပ်ရမည်ကို ပြတ်ပြတ်သားသားမြင်၏။ ခွဲခြားနိုင်ခဲ့၏။ ပြီးတော့ လုပ်ဆောင်ခဲ့ကြသည်။ ပင်လုံမြေမှာ တိုင်းရင်းသားခေါင်းဆောင်များ သွေးခွဲကိုလိုနီဝါဒကို ရှောင်ရှားနိုင်ခဲ့သည်။ ဒိုမီနီယံအဆင့်ကိုလည်း ဘေးဖယ်ထားခဲ့သည်။ လုံးဝမလိုချင်ပါ။ သတ္တိကင်းသည့် သူမိုက်များ၏နောက်သို့ မလိုက်ခဲ့ကြပေ။ လုပ်သင့်သည်ကို စွံစွံမြဲမြဲလုပ်ပြီး မလုပ်သင့်သည်ကို ရဲရဲရင့်ရင့်ရှောင်ကာ တိုင်းရင်းသားခေါင်းဆောင်များ၏ သတ္တိကို ပင်လုံမြေတွင် ထွန်းတောက်ပြောင်မြောက်စွာ ပြသခဲ့ကြသည်။ ထိုသတ္တိသွေးသည် ပင်လုံမျိုးဆက်သစ်များတွင်ရှိ၏၊ အဆိုပါသတ္တိသွေးရှိ၍သာ ၇၆ နှစ်ဆီသို့ ရောက်ခဲ့ရခြင်းပါ။

### တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာစေရန်သာ ဦးတည်

ယနေ့ ပြည်ထောင်စုတိုင်းရင်းသားများ လက်ခံကျင့်သုံးနေသည့် ဒီမိုကရေစီသည် သွေးခွဲဝါဒ၊ သပ်လျှိုဝါဒနှင့် ပြည်ထောင်စု အလုံးစုံပျက်သုဉ်းရေးဝါဒ မဟုတ်ပေ။ အထူးသဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာစေရန်သာ ဦးတည်သည်။ ထို့အတူ တိုင်းရင်းသားများ၏ ပြည်ထောင်စုနှင့် ယဉ်ကျေးမှု၊ ဘာသာတရား ဖျက်ဆီးရန်လည်း မဟုတ်ခဲ့ပေ။ မြန်မာတိုင်းရင်းသားများ၏ လက်ထဲမှ အဆိုပါကျင့်စဉ်သည် အကောင်းမြင်ဝါဒကို အခြေခံ၏။ ပြည်ထောင်စုငြိမ်းချမ်းမှုကို ပေးစွမ်းသည့်ဓမ္မလွှမ်းရန်ဖြစ်ပေသည်။ အဓမ္မနှင့် ဆူပူမှု၊ သွေးခွဲမှု ချုပ်ငြိမ်းစေရန်ဖြစ်သည်။ တိုင်းရင်းသားများ၏ ရှိပြီးသားစည်းလုံးမှု၊ ညီညွတ်မှုကို ပိုမိုခိုင်မာစေရန်ဖြစ်သည်။

ဒီမိုကရေစီသည် လူတစ်ဦးချင်းမှသည် လူ့အဖွဲ့အစည်းအတွက် ကျင့်သုံးရမည့် ကန့်သတ်ဘောင်ရှိ၏။ စည်းကမ်းရှိ၏။ စည်းမဲ့ကမ်းမဲ့၊ ဥပဒေမဲ့ မဟုတ်ပေ။ ဥပဒေဘောင်အတွင်းက ဖြစ်၏။ တိုင်းရင်းသားမျိုးဆက်သစ်များ၏ အိမ်တွင်၊ ကျောင်းတွင်၊ ရပ်ထဲ၊ ရွာထဲ၊ လုပ်ငန်းခွင်၊ အဖွဲ့အစည်းအတွင်း ဒီမိုကရေစီကို ကျင့်သုံးလျှင် မြန်မာတိုင်းရင်းသားလူ့အဖွဲ့အစည်းက လက်ခံထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ လူ့ကျင့်ဝတ်နှင့် ဥပဒေဘောင်အတွင်းကသာ ဒီမိုကရေစီကျင့်စဉ်ကို ကျင့်သုံးဆောင်ရွက်ရပေမည်။

**ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကြောင့် ဘိုးစဉ်ဘောင်ဆက်ကောင်းမွေဖြစ်သည့် မြန်မာတို့၏ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို လုံးဝအပျက်စီးခံ၍မဖြစ်ပါ။ မြန်မာပြည်အတွင်းရှိ အင်စတီကျူးရှင်းများ၊ ဝန်ထမ်းများ၊ ပါတီများအကြား၊ မိသားစုအကြား၊ မိတ်ဆွေများအတွင်း မည်သို့သောအခြေအနေကြောင့်မျှ သွေးစည်းမှုမပျက်စီးသင့်ပါ။ ကွဲကြ၊ ပြဲကြ၊ ပြိုပျက်ကြခြင်းသည် ပင်လုံသစ္စာကို ဆက်ခံကြသည့် မျိုးဆက်သစ်တိုင်းရင်းသားများ လက်ခံကျင့်သုံးရမည့် ဒီမိုကရေစီ၏အနှစ်သာရမဟုတ်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အရေခြုံသည့် သင်းခွဲသူ မျိုးဖျက်များ၏ဝါဒသာဖြစ်ပါလိမ့်မည်။**

### မန္တိုင်းယှဉ်အပ်အောင် မြင့်မား

မြန်မာတိုင်းရင်းသားများအနေဖြင့် ဘိုးစဉ်ဘောင်ဆက် ခိုင်မြဲလာသည့် ရွှေမှန်ကင်းအစစ် “တစ်အူထုံ့ဆင်း ညီရင်းမောင်နှမစိတ်ထား” (National Spirit) ဆိုတာက “ဒီမိုကရေစီ” နှင့် “လူ့အခွင့်အရေး” ဆိုသည်ထက် မန္တိုင်းယှဉ်အပ်အောင် မြင့်မားကြောင်း ပညာဉာဏ်မြင့်ကြသူတိုင်း မြင်တတ်ဖို့လိုပါသည်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ပင်လုံမျိုးဆက် တိုင်းရင်းသားလူတော်လူကောင်းစစ်စစ် (Good Citizen) များက ပြည်ထောင်စုငြိမ်းချမ်းမှု၊ စည်းလုံးမှုနှင့် မြန်မာ့လူ့ဘောင်ဖွံ့ဖြိုးမှုအတွက်သာ အသုံးချရပါလိမ့်မည်။ လက်တွေ့လည်း ကျင့်သုံးနေပေသည်။

တန်ဖိုးမဲ့သွေးခွဲဝါဒီ ကိုလိုနီလက်သစ်များကတော့ ခေတ်၏သည်းခြေကြိုက် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို သပ်လျှိုဆောင်ပုဒ်အဖြစ်သုံးကာ ပင်လုံအခြေပြု စည်းလုံးညီညွတ်မှုသစ္စာကို ယိုင်နဲ့အောင်လုပ်သည်ကို ဉာဏ်ဖြင့်မြင်အောင်ကြည့်ရပါလိမ့်မည်။ ရွှေမှန်ကင်းအစစ်ကို ထင်းဖြစ်အောင်လုပ်ကာ တိုင်းရင်းသားများ၏ ရတနာအစစ် “လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် စည်းလုံးညီညွတ်မှု” တို့ကို ပြာဖြစ်အောင် မီးရှို့ခံ၍ မဖြစ်ပါ။ ခေတ်သစ်မြန်မာ့သမိုင်း၏ စိန်ရတုကို တစ်နှစ်ကျော်ခဲ့သည့် “တစ်အူထုံ့ဆင်း ညီရင်းမောင်နှမစိတ်ဓာတ်” ပျက်ယွင်းသည်အထိ မင်းသားခေါင်းမျက်နှာဖုံးကိုတပ်ကာ သွေးခွဲဘီလူး၊ ခေတ်သစ်ကိုလိုနီဝါဒသမားများက ဖျက်နေကြဆဲပါ။ ဒါကိုပညာသတိဖြင့် တွန်းလှန်ရပါလိမ့်မည်။ အပေါ်ယံ မင်းသားမျက်နှာဖုံးကို နှစ်သက်မှုမပြုကြပါနှင့်။ ကြိုက်မိလျှင် မျက်နှာဖုံးအောက်က နယ်ချဲ့ဘီလူး၏ အစားခံ၊ အဝါးခံရပါလိမ့်မည်။ အကာနှင့် အနှစ်၊ အတုနှင့်အစစ်ကို ခွဲခြားနိုင်သည့် ပြည်ထောင်စု တိုင်းရင်းသားများအနေဖြင့် ဉာဏ်ပညာဖြင့်ယှဉ်သည့် သတ္တိရှိရမည်။ ပညာဉာဏ်ဖြင့် “ပင်လုံသစ္စာ” ခိုင်မြဲအောင် ချွန်းအုပ်နိုင်ရမည်။

တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားလာသူသည် မွေးရာပါအခွင့်အရေးအဖြစ် အလိုအလျောက်နိုင်ငံသားဖြစ်လာကြသည်။ တိုင်းရင်းသားမှဖြစ်သည့် နိုင်ငံသားဖြစ်ပါသည်။ မွေးရာပါအခွင့်အရေးအရလည်းကောင်း၊ ဥပဒေပါပြဋ္ဌာန်းချက်များကြောင့်လည်းကောင်း နိုင်ငံသားများတွင် ထမ်းဆောင်ရမည့်တာဝန်ကမူ အတူတူပင်ဖြစ်သည်။ ယင်းတို့အနက်မှ အရေးအကြီးဆုံးတာဝန်ကား ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရန် ဆက်လက်စွမ်းဆောင်နေရခြင်းပါ။ ထို့အတွက် နောက်မျိုးဆက် တိုင်းရင်းသားအားလုံး မလွဲမသွေထမ်းဆောင်ရန် သတ္တိလည်းရှိရမည်။ ကြောက်စိတ်လည်းရှိရမည်။ ယင်းမှာ “ယခင်မျိုးဆက်တိုင်းရင်းသားခေါင်းဆောင်ကြီးများ ခိုင်ခိုင်မာမာတည်ဆောက်ခဲ့သည့် ပြည်ထောင်စုကြီးကို ပြိုကွဲအောင် မလုပ်ခြင်း သို့မဟုတ် ပြည်ထောင်စုပြိုကွဲရန် အလုပ်မှန်သမျှကို ရှောင်ရှားရဲသည့်သတ္တိနှင့် ပိုမိုကောင်းမွန်အောင်ဆောင်ရွက်နိုင်သည့် သတ္တိများပါ။ ဆိုလိုသည်က မလုပ်သင့်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲအောင်ရှောင်ရှားနိုင်သောသတ္တိပါ။ လုပ်သင့်သည့် စည်းလုံးညီညွတ်မှုကို ဆက်ပြီးလုပ်ရမည်မှာလည်း သတ္တိပါပဲ။ ထို့အတူ ခေတ်သမိုင်းက တိုင်းရင်းသားများ၏ ပခုံးပေါ်ကျလာသည့် သမိုင်းပေးတာဝန်ကို မကျေပွန်မှာကြောက်တတ်ရမှာလည်း သတ္တိပါပဲ။ အထူးသဖြင့် ပြည်ထောင်စုပြိုကွဲမှာနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်သုဉ်းမှာကိုကြောက်တတ်ရပါလိမ့်မည်။ သို့မှသာ လွတ်လပ်ရေးတည်တံ့ပေမည်။

### သမိုင်းတွင် မော်ကွန်းရေးထိုးခဲ့ကြ

ပင်လုံဆွေးနွေးပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် ဉာဏ်ပညာနှင့်ယှဉ်၍ လုပ်သင့်လုပ်ထိုက်သည်နှင့် မလုပ်သင့်မလုပ်ထိုက်သည်ကို ကွဲကွဲပြားပြားမြင်အောင် ကြည့်နိုင်ခဲ့သည်။ လက်မရွံ့ဘဲ လုပ်သင့်သည့် စည်းလုံးမှုကိုလုပ်ခဲ့ကာ သမိုင်းတွင် မော်ကွန်းရေးထိုးခဲ့ကြသည်။ မလုပ်သင့် မလုပ်အပ်သည့် သွေးခွဲမှုကို ဦးဆောင်နေသည့် ပညာမဲ့များနောက်သို့ ခြေဦးမလှည့်ခဲ့ပေ။ ဉာဏ်ပညာဦးဆောင်မှုဖြင့် ဆောင်ရွက်မှု (သို့မဟုတ်) ပင်လုံသတ္တိ၏ ပထမဆုံးရလဒ်ကား “ပြည်ထောင်စု သွေးစည်းမှု” နှင့် ယင်း၏ နောက်ဆက်တွဲရလဒ်ကား တိုင်းရင်းသားအားလုံး၏ **“ပြည်ထောင်စုလွတ်လပ်ရေး”** ပင်ဖြစ်ပါသည်။ ပင်လုံသစ္စာအခြေခိုင်၍ လွတ်လပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံဟု ကမ္ဘာ့အလယ် ဝင့်ထည်ခဲ့သည်မှာ ၇၅ နှစ်မြောက် တိုင်ခဲ့ပါပြီ။

**ယနေ့ မြန်မာတိုင်းရင်းသားမျိုးဆက်များအနေဖြင့် “စောင့်လေမျိုးနွယ်” တာဝန်ကို မဖြစ်မနေထမ်းဆောင်ရပါမည်။ ပင်လုံမျိုးဆက်များပီပီ ပင်လုံတိုင်းရင်းသားခေါင်းဆောင်များ၏ “သစ္စာ” ကို မျိုးဆက်အမွေအဖြစ် ဆက်ခံစောင့်ထိန်းရပါမည်။ ထိုကောင်းမွေကို ဆက်ခံနိုင်ရန် ဉာဏ်ပညာဖြင့်ယှဉ်သည့် သတ္တိပိုင်ရှင်များဖြစ်ရမည်။ ပင်လုံမျိုးဆက်သတ္တိပိုင်ရှင်များအတွက် ခေတ်သမိုင်းက ပခုံးပေါ်တင်ပေးသည့်တာဝန်ကား “ပြည်ထောင်စုသွေးစည်းခိုင်မြဲမှု” (သို့) “ပင်လုံသစ္စာ” ကို တည်တံ့အောင်၊ ဖွံ့ဖြိုးအောင် ဆက်လက်ဆောင်ရွက်ရန်ပင်ဖြစ်ပါသည်။ အဆိုပါတာဝန်ကို မည်သည့်အရာနှင့်မျှမလဲနိုင်သည့် သတ္တိပိုင်ရှင်များ ဖြစ်ရပါမည်။ ပင်လုံမျိုးဆက်တာဝန်ကျေရန်အတွက် သွေးစည်းမှုကို ဖြိုခွဲသူများ၏ အရေခြုံထားမှုများကိုလည်း ပညာနှင့်ယှဉ်၍ မြင်အောင်ကြည့်နိုင်သူများ ဖြစ်ရပေမည်။**

ထို့အတူ ပြည်ထောင်စုပြိုကွဲမည်ကို စိုးရိမ်စိတ်ကြီးသူ၊ ထိုတာဝန်ကိုမကျေပွန်မည်ကို ကြောက်တတ်ပြီး ကာကွယ်နိုင်သည့် ပညာနှင့်ယှဉ်သည့် သတ္တိပိုင်ရှင်များလည်း ဖြစ်ရပေမည်။ ပြီးလျှင် ပြည်ထောင်စုနှင့် တိုင်းရင်းသားစည်းလုံးမှုကို ဖြိုခွဲမည့်မျိုးဖျက်များကို ပြတ်သားစွာတိုက်ထုတ်နိုင်ရပေလိမ့်မည်။ သို့မှသာ ပင်လုံမျိုးဆက်ပီသကာ ပြည်ထောင်စုကို တည်တံ့ခိုင်မြဲအောင်နှင့် ဖွံ့ဖြိုးအောင် ဆက်လက်ထိန်းသိမ်းနိုင်ပေလိမ့်မည်။ ဤကဲ့သို့သတ္တိမျိုးကို ပင်လုံမျိုးဆက်များ ပိုင်ဆိုင်ကြပြီဆိုလျှင် **“သွေးစည်းမှု ပင်လုံသစ္စာ”** သည်လည်း စိန်ရတုပေါင်းများစွာဆီသို့ ပျော်ရွှင်ငြိမ်းချမ်းစွာ ဆက်လက်ချီတက်နေဦးမည်ဟု ယုံကြည်ကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

**“ယနေ့ မြန်မာတိုင်းရင်းသားမျိုးဆက်များအနေဖြင့် “စောင့်လေမျိုးနွယ်” တာဝန်ကို မဖြစ်မနေထမ်းဆောင်ရပါမည်။ ပင်လုံမျိုးဆက်များပီပီ ပင်လုံတိုင်းရင်းသားခေါင်းဆောင်များ၏ “သစ္စာ” ကို မျိုးဆက်အမွေအဖြစ် ဆက်ခံစောင့်ထိန်းရပါမည်။ ထိုကောင်းမွေကို ဆက်ခံနိုင်ရန် ဉာဏ်ပညာဖြင့်ယှဉ်သည့် သတ္တိပိုင်ရှင်များဖြစ်ရမည်။ ပင်လုံမျိုးဆက်သတ္တိပိုင်ရှင်များအတွက် ခေတ်သမိုင်းက ပခုံးပေါ်တင်ပေးသည့်တာဝန်ကား “ပြည်ထောင်စုသွေးစည်းခိုင်မြဲမှု” (သို့) “ပင်လုံသစ္စာ” ကို တည်တံ့အောင်၊ ဖွံ့ဖြိုးအောင် ဆက်လက်ဆောင်ရွက်ရန်ပင် ဖြစ်ပါသည်။ အဆိုပါတာဝန်ကို မည်သည့်အရာနှင့်မျှမလဲနိုင်သည့် သတ္တိပိုင်ရှင်များဖြစ်ရပါမည်။ ပင်လုံမျိုးဆက်တာဝန်ကျေရန်အတွက် သွေးစည်းမှုကို ဖြိုခွဲသူများ၏ အရေခြုံထားမှုများကိုလည်း ပညာနှင့်ယှဉ်၍ မြင်အောင်ကြည့်နိုင်သူများဖြစ်ရပေမည်”**

## ၂၀၂၄ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ ဒစ်ဂျစ်တယ်ပိုက်ဆံအိတ် သုံးစွဲသူပမာဏ သန်း ၅၀ သို့ ရောက်ရှိလာနိုင်

ဟန္နိုင်း ဖေဖော်ဝါရီ ၈

ဗီယက်နမ်နိုင်ငံ၌ ၂၀၂၄ ခုနှစ်အရောက်တွင် အီလက်ထရွန်နစ်စနစ်ဖြင့် ငွေကြေးထိန်းသိမ်းသည့်စနစ်(ဒစ်ဂျစ်တယ်ပိုက်ဆံအိတ်)သုံးစွဲသူပမာဏ သန်း ၅၀ သို့ ရောက်ရှိလာနိုင်ကြောင်း၊ ၂၀၂၆ ခုနှစ်တွင် သုံးစွဲသူ သန်း ၁၀၀ အထိ ရှိလာမည်ဖြစ်ကြောင်း fintech Robo-cash Group မှ ထုတ်ပြန်သည့် မှတ်တမ်းကိုကိုးကား၍ ဗီယက်နမ် သတင်းအေဂျင်စီက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၌ လက်ရှိအချိန်တွင် ဒစ်ဂျစ်တယ်စနစ်ဖြင့် ငွေကြေးထိန်းသိမ်းသည့်စနစ်(ဒစ်ဂျစ်တယ်ပိုက်ဆံအိတ်) သုံးစွဲသူပမာဏသည် ၄၁ ဒသမ ၃သန်း( ၅၇ ရာခိုင်နှုန်း)ရှိကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သည့် ခြောက်နှစ်အတွင်း ဒစ်ဂျစ်တယ်စနစ်ဖြင့် ငွေကြေးထိန်းသိမ်းသည့်စနစ်(ဒစ်ဂျစ်တယ်ပိုက်ဆံအိတ်)ဆိုင်ရာ လုပ်ငန်းဝန်ဆောင်မှုပေးသည့် ကုမ္ပဏီ ငါးခုသာ ရှိခဲ့ရာမှ လက်ရှိအချိန်တွင် ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီ ၄၀ ကျော်ရှိလာကြောင်း သိရသည်။

သုံးစွဲသူများက ငွေကြေးကိုင်ဆောင်ရန်မလိုအပ်သည့် အဆိုပါစနစ်သည် ဗီယက်နမ်နိုင်ငံအတွင်း သမားရိုးကျငွေကြေးပေးချေမှုစနစ်များကို ပြိုင်ဆိုင်နိုင်သည့်အခြေအနေသို့ ရောက်ရှိလာကြောင်း fintech Robocash Group ကပြောကြားသည်။ ဗီယက်နမ်နိုင်ငံအတွင်း အသုံးပြုလျက်ရှိသည့် ဒစ်ဂျစ်တယ်စနစ်ဖြင့် ငွေကြေးထိန်းသိမ်းသည့်စနစ်(ဒစ်ဂျစ်တယ်ပိုက်ဆံအိတ်)သည် ပြည်တွင်း၌သာမက ကမ္ဘာအရပ်ရပ်ရှိ သုံးစွဲသူများအား ဆွဲဆောင်နိုင်မည့် အလားအလာရှိကြောင်း ၎င်းလုပ်ငန်းက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

## တူရကီယဲနှင့် ဆီးရီးယားတို့၌ ငလျင်လှုပ်ခတ်မှုကြောင့် လူဦးရေ ၁၁၀၀၀ ကျော် သေဆုံး

အန်ကာရာ ဖေဖော်ဝါရီ ၈

တူရကီယဲနိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့၌ ဖေဖော်ဝါရီ ၆ ရက် အစောပိုင်းက လှုပ်ခတ်ခဲ့သည့် မြေငလျင်များကြောင့် သေဆုံးသူ ၁၁၀၀၀ ကျော် ရှိလာခဲ့ကြောင်း အာဏာပိုင်အဖွဲ့အစည်းများနှင့် ရှာဖွေကယ်ဆယ်ရေး အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်အရ သိရသည်။

တူရကီယဲနိုင်ငံ သမ္မတ အာဒိုဂန်သည် ဖေဖော်ဝါရီ ၈ ရက်တွင် ငလျင်ဘေးသင့် ဒေသများသို့ သွားရောက်ခဲ့ပြီး အင်အားပြင်း ငလျင်များ လှုပ်ခတ်မှုကြောင့် တူရကီယဲနိုင်ငံအတွင်း ၈၅၇၄ ဦး သေဆုံးခဲ့ကြောင်း ပြောကြားခဲ့သည်။

တူရကီယဲနိုင်ငံ၌ မြေငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းကြောင့် လူပေါင်း ၄၀၀၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း တူရကီယဲနိုင်ငံ သဘာဝဘေး စီမံခန့်ခွဲမှု အေဂျင်စီက ပြောကြားသည်။ ထို့ပြင် ဆီးရီးယားနိုင်ငံ၌ ငလျင်လှုပ်ခတ်မှုကြောင့် အနည်းဆုံး လူပေါင်း ၁၂၅၀ သေဆုံးခဲ့ပြီး ၂၀၅၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆီးရီးယား ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တူရကီယဲနိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့၌ ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် နိုင်ငံအများစုက ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့သည့် ဒေသများသို့ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ကာ အထောက်အပံ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်



## အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်မှုတန်ဖိုး ၂၀၂၂ ခုနှစ်အတွင်း စံချိန်တင်မြင့်တက်

ဝါရှင်တန် ဖေဖော်ဝါရီ ၈

အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၂ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၆၉၀ ဒသမ ၆ ဘီလီယံအထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း အမေရိကန်နိုင်ငံ၏ တရားဝင်အချက်အလက်များအရ သိရသည်။



နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုး မြင့်တက်လာခြင်းသည် နှစ်နိုင်ငံအကြား တင်းမာမှုများလျော့ကျလာချိန် ကုန်သွယ်မှုကဏ္ဍတွင် ပိုမိုအရှိန်မြင့်ဆောင်ရွက်လာသည်ကို ပြသလျက်ရှိသည်။

၂၀၂၂ ခုနှစ်အတွင်း အမေရိကန်နိုင်ငံမှ တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံမှ ၁၅၃ ဒသမ ၈ ဘီလီယံအထိ တိုးလာပြီး တရုတ်နိုင်ငံမှ အမေရိကန်နိုင်ငံသို့ သွင်းကုန်တန်ဖိုးသည် ဒေါ်လာ ၃၁ ဒသမ ၈ ဘီလီယံမှ ၅၃၆ ဒသမ ၈ ဘီလီယံအထိ မြင့်တက်လာကြောင်း သိရသည်။

အဆိုပါ နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ယမန်နှစ်ကထက် ငါးရာခိုင်နှုန်း မြင့်တက်လာပြီး ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၅၈ ဒသမ ၇ ဖြင့် စံချိန်တင်ခဲ့သည့် ကုန်သွယ်မှုတန်ဖိုးထက် ကျော်လွန်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ အမေရိကန်နိုင်ငံ၏ ကုန်ပစ္စည်းတင်ပို့မှုသည် တစ်ရာခိုင်နှုန်း မြင့်တက်လာပြီး ဆန်စပါး တင်ပို့မှုတွင် ဒေါ်လာ ၁၅၃ ဒသမ ၈ ဘီလီယံအထိ မြင့်တက်ခဲ့သည်။

အရုပ်များနှင့် အခြားပလတ်စတစ်ထုတ်ကုန်များ တင်သွင်းမှု မြင့်တက်လာခြင်းကြောင့် တရုတ်နိုင်ငံမှ အမေရိကန်နိုင်ငံသို့ တင်သွင်းမှုတွင် ခြောက်ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဒေါ်လာ ၅၃၆ ဒသမ ၇ ဘီလီယံရှိကြောင်း သိရသည်။

အကောက်ခွန်နှင့် ပို့ကုန်ထိန်းချုပ်မှုများကို စည်းကြပ်ရန် အမေရိကန်အစိုးရက ဆုံးဖြတ်ချက်များ ချမှတ်ထားသော်လည်း နှစ်နိုင်ငံကုန်သွယ်ရေးတွင် အားကောင်းနေဆဲဖြစ်ကြောင်း အချက်အလက်များက ပြသသည်။

ကိုးကား - ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

## ဂျပန်ရဲတပ်ဖွဲ့က လူမှုမီဒီယာများပေါ်တွင် ပြစ်မှုကျူးလွန်မည့် မှတ်ချက်ရေးသားသူများအား စုံစမ်းဖော်ထုတ်နိုင်ရေးဆောင်ရွက်

တိုကျို ဖေဖော်ဝါရီ ၈

ဂျပန်နိုင်ငံ အနောက်ပိုင်းဒေသရှိရဲတပ်ဖွဲ့သည် လူမှုမီဒီယာများပေါ်တွင် ပြစ်မှုကျူးလွန်နိုင်ခြေရှိသည့် မှတ်ချက်များရေးသားသူများအား ဉာဏ်ရည်တုနည်းပညာဖြင့် စုံစမ်းဖော်ထုတ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပဏာမစုံစမ်းဖော်ထုတ်နိုင်ခဲ့**

နိုင်ငံအနောက်ပိုင်း ဟိုင်ဂိုစီရင်စုရှိ ရဲတပ်ဖွဲ့သည် လူမှုမီဒီယာပေါ်တွင် ဝင်ငွေကောင်းသော အလုပ်များဟု သံသယဖြစ်ဖွယ်အဓိပ္ပာယ်ရသည့် မှတ်ချက်စကားများကို ဉာဏ်ရည်တုနည်းပညာ သုံးစွဲ၍ ပဏာမ စုံစမ်းဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။ ဂျပန်နိုင်ငံ၌ လူမှုမီဒီယာတွင် အဖွဲ့ဝင်များစုစည်းကာ နေအိမ်များအား ဖောက်ထွင်းခိုးယူမှုများ ဖြစ်ပွားခဲ့ပြီးနောက် ရဲတပ်ဖွဲ့သည် ဉာဏ်ရည်တုနည်းပညာ သုံးစွဲ၍ အွန်လိုင်းမှ စောင့်ကြည့်ခြင်းကို ဆောင်ရွက်ခဲ့သည်။

ဟိုင်ဂိုစီရင်စု ရဲတပ်ဖွဲ့သည် လူမှုမီဒီယာများတွင် ပြစ်မှုကျူးလွန်ရန် အားပေးသည့် မှတ်ချက် ရေးသားသူများအား သတိပေးအရေးယူခြင်းကို ဉာဏ်ရည်တုနည်းပညာဖြင့် ယခုနှစ်ကုန်ပိုင်းတွင် စတင်ဆောင်ရွက်မည်ဖြစ်သည်။ နိုင်ငံသားများက ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို လူမှုမီဒီယာများတွင် ဖော်ပြခြင်းသည် ဒုစရိုက်သမားများ၏ အသုံးချမှုကို ခံရမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က သတိပေးပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - စိုးသူရ




## ၂၀၃၀ ပြည့်နှစ်တွင် ဇီဝနည်းပညာထုတ်ကုန် ထိပ်တန်း ၁၀ နိုင်ငံ စာရင်းတွင် ပါဝင်နိုင်ရေး ဗီယက်နမ် ဆောင်ရွက်

ဟန္နိုင်း ဖေဖော်ဝါရီ ၈

ဗီယက်နမ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်အရောက်တွင် အာရှဒေသ၏ ဇီဝနည်းပညာထုတ်ကုန်ထုတ်လုပ်သည့် ထိပ်တန်း ၁၀ နိုင်ငံစာရင်းတွင် ပါဝင်နိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း ဗီယက်နမ်မီဒီယာများက ဖေဖော်ဝါရီ ၈ ရက်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါကာလအရောက်တွင် ဗီယက်နမ်နိုင်ငံမှ ထုတ်လုပ်သည့် ဇီဝနည်းပညာထုတ်ကုန်အရေအတွက်သည် စံချိန်တင်များပြားလာနိုင်သဖြင့် ဗီယက်နမ်နိုင်ငံအား ကမ္ဘာ့ဈေးကွက်တွင် ဇီဝနည်းပညာထုတ်ကုန်များ အဓိကထုတ်လုပ်သည့်နိုင်ငံအဆင့်သို့ ပြောင်းလဲရောက်ရှိလာစေမည်ဖြစ်ကြောင်း ဒေသသတင်းစာ Vietnam News က ပြောကြားသည်။ ၎င်းရည်မှန်းချက်ပြည့်မီစေရေးအတွက် နိုင်ငံအတွင်းရှိ ဇီဝနည်းပညာဆိုင်ရာ ဓာတ်ခွဲခန်းများကို အဆင့်မြှင့်တင်သွားမည်ဖြစ်ပြီး ရောဂါပိုးမွှားစောင့်ကြည့်ထိန်းချုပ်ရေးဆိုင်ရာ နိုင်ငံတကာအဆင့်မီ အမျိုးသားအဆင့် ဇီဝနည်းပညာစင်တာတစ်ခုကိုလည်း မကြာမီတည်ဆောက်သွားရန်ရှိကြောင်း သိရသည်။

နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဇီဝနည်းပညာကို အသုံးပြုရန် ဗီယက်နမ်နိုင်ငံပေါ်လစ်ဗျူရိုက မကြာသေးမီကာလအတွင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ထို့ပြင် နိုင်ငံအတွင်း ဇီဝနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ပုဂ္ဂလိကဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရန် လိုအပ်ကြောင်း ပေါ်လစ်ဗျူရိုက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# SARS-CoV-2 Variant Omicron မျိုးရိုးဗီဇပြောင်းရောဂါပိုး ထပ်မံတွေ့ရှိရမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း

(၈-၂-၂၀၂၃)ရက်နေ့

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် **"ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း"**များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ် (Commercial Flight)နှင့် ကယ်ဆယ်ရေးလေယာဉ် (Relief Flight) များဖြင့်လည်းကောင်း၊ နယ်စပ်ဝင်ထွက်ဂိတ်များမှတစ်ဆင့်လည်းကောင်း ဝင်ရောက်လာသူများနှင့် ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသော ဓာတ်ခွဲအတည်ပြုလူနာများထံမှ ဓာတ်ခွဲနမူနာရယူ၍ ဓာတ်ခွဲစစ်ဆေးလျက်ရှိပြီး အိုမီခရွန်အပါအဝင် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုးတွေ့ရှိမှုများနှင့် ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများ၏ ဓာတ်ခွဲနမူနာများအနက် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုး တွေ့ရှိနိုင်သည့် သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာ ၁၇ ခုအား ဆေးသုတေသနဦးစီးဌာနတွင် ကိုဗစ်-၁၉ ရောဂါပိုး မျိုးရိုးဗီဇစစ်ဆေးခြင်းကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ (၆-၂-၂၀၂၃)ရက်နေ့တွင် အိုမီခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.5 နှင့် ၎င်း၏မျိုးကွဲများကို ဓာတ်ခွဲနမူနာ ကိုးခုတွင်လည်းကောင်း၊ အိုမီခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.2 နှင့် ၎င်း၏မျိုးကွဲများကို ဓာတ်ခွဲနမူနာ ရှစ်ခုတွင်လည်းကောင်း တွေ့ရှိရပါသည်။ BA.2 တွေ့ရှိသော ဓာတ်ခွဲနမူနာများတွင် BA.2 ၏မျိုးကွဲ XBB.1 တွေ့ရှိသော ဓာတ်ခွဲနမူနာနှစ်ခု ပါဝင်ပါသည်။

၃။ အဆိုပါ အိုမီခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.5 တွေ့ရှိရသူ ကိုးဦးနှင့် BA.2 တွေ့ရှိရသူငါးဦး (၎င်း၏မျိုးကွဲ XBB.1 တွေ့ရှိသူ နှစ်ဦးအပါအဝင်)တို့သည် ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြသူများဖြစ်ပြီး ကျန် BA.2 ရောဂါပိုးတွေ့ရှိရသူ သုံးဦးတို့သည် ပြည်တွင်းကူးစက်မှုများမှ တွေ့ရှိရခြင်း ဖြစ်ပါသည်။ ၎င်းတို့အား ကိုဗစ်-၁၉ ရောဂါပိုး ဓာတ်ခွဲအတည်ပြုခဲ့စဉ်ကပင် သတ်မှတ်ရက်အတိုင်း စနစ်တကျ သီးခြားထားရှိကုသမှုပေးခဲ့ပြီး ကျန်းမာရေးအခြေအနေများမှာ ကောင်းမွန်လျက်ရှိပါသည်။

၄။ နိုင်ငံတကာလေ့လာတွေ့ရှိချက်များအရ အိုမီခရွန်မျိုးရိုးဗီဇပြောင်း ရောဂါပိုးများသည် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပြီးစီးသူများတွင် ရောဂါလက္ခဏာပြင်းထန်မှုနှင့် သေဆုံးမှုတို့ လျော့နည်းကြောင်း တွေ့ရှိရပါသည်။

၅။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများအား ပိုမိုအရှိန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံခြင်းအား မပျက်မကွက်ခံယူကြပါရန် သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၆၂၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၈-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၇-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၆၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦးတွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၁) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၇၃,၇၄၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၈၅၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၄,၃၂၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၇-၂-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၂၀,၄၇၅) ဦးနှင့် အသက် (၁၈)နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၁၁,၇၇၆) ဦးတို့အား ထိုးနှံထားရှိပြီးဖြစ်ပါသည်။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု (၇-၂-၂၀၂၃ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၂၀,၄၇၅ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၁၁,၇၇၆ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)၌ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေးဟောပြော

**တောင်ငူ ဖေဖော်ဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ကွန်ပျူတာတက္ကသိုလ်(တောင်ငူ) ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့မွန်းလွဲပိုင်းက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(တောင်ငူ)မှ တပ်ဖွဲ့စိတ်မှူး ဒုတိယရဲမှူးကိုကိုနိုင်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေများ၊ ခေါင်းပုံဖြတ်မှုများနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာများကို အသိပညာပေး ဟောပြောပြီး အမှတ်(၁၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (တောင်ငူ)မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး စန်းယုနိုင်က ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေများ၊ မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန် စည်းကမ်းချက်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေးဟောပြောသည်။



အဆိုပါ ဟောပြောပွဲသို့ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)မှ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(တောင်ငူ)မှ တာဝန်ရှိသူများနှင့် အမှတ်(၁၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(တောင်ငူ)မှ တာဝန်ရှိသူများက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဘီးလင်း၌(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများပြုလုပ်

**ဘီးလင်း ဖေဖော်ဝါရီ ၈**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပညာရေးဌာနနှင့် ပူးပေါင်း၍ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ စာအုပ်ပြပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဘီးလင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို ရှင်းလင်းဟောပြောခဲ့သည်။ ယင်းနောက် မူလတန်းအဆင့် ပုံပြင်ပြော၊ ကဗျာရွတ်၊ စာဖတ်စွမ်းရည်၊ ဘောလုံးပစ်၊ ဆေးရောင်ခြယ်၊ ပန်းချီဆွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ သားရေကွင်းကောက် ပြိုင်ပွဲနှင့် ဘောပင်ရေဘူးထည့်ပြိုင်ပွဲများကို ကျင်းပရာ ကျောင်းသား ကျောင်းသူ ၃၀ တို့က အဖွဲ့များခွဲ၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။



ဆက်လက်၍ ဟောပြောပွဲသို့ တက်ရောက် လာကြသော ကျောင်းသား ကျောင်းသူများကို ပြည်ထောင်စုနေ့နှင့် ပတ်သက်သည့် နံရံကပ်စာစောင်များ၊ သုတစာအုပ်များ ခင်းကျင်းပြသခဲ့ရာ စိတ်ဝင်တစား လိုက်လံကြည့်ရှုကြကြောင်း သိရသည်။

**မြို့နယ်(ပြန်ဆက်)**

## "နိပါတ်တော်လာ ဇာတ်သဘင်မဟာ အစီအစဉ်"မှ "ရွှဲကုန်သည်" ဇာတ်တော်ကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်




နေပြည်တော် ဖေဖော်ဝါရီ ၈

မိဘပြည်သူများ ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များ အကြောင်းသိရှိနားလည်ပြီး အသိပညာဗဟုသုတရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် "နိပါတ်တော်လာ ဇာတ်သဘင်မဟာ အစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်မှစတင်၍ အပတ်စဉ် စနေနေ့ ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ အစီအစဉ်မှ **"ရွှဲကုန်သည်"** ဇာတ်တော်ကို သဘင်ပညာရှင် ပတ္တမြားကေခိုင် စီစဉ်ပြီး **Art Director** ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရှာစားဝါးခယ်မ စိန်မုန့်လုံး၏ တီးခတ်မှု၊ **ဘွန်း၊ ဆန်းနေအောင်၊ ပတ္တမြားကေခိုင်၊ ဘဲဥမ၊ စန္ဒာလင်းနှင့်အတူ** သဘင်အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို ဖေဖော်ဝါရီ ၁၁ ရက် (စနေနေ့) ည ၉ နာရီခန့်တွင် ပြသမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၅ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီခွဲတွင်လည်း ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "ညီညွတ်ရေးသံစဉ်" ပွဲစဉ် (၃) တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် ဖေဖော်ဝါရီ ၈

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် **"ညီညွတ်ရေးသံစဉ်" ပွဲစဉ် (၃)** တေးဂီတဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၁၀ ရက် (သောကြာနေ့) ည ၈ နာရီသတင်းအပြီးတွင် MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော်တေးသံရှင် ရသ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းမှ တေးသံရှင်များနှင့် တူယှဉ်တွဲပျော် ဂီတပွဲတော်မှ တိုင်းရင်းသားတေးသံရှင်များ ဖြစ်ကြသည့် စောဒယ်နီရယ်၊ ပြည့်ဖြိုးအောင်၊ မင်းပြည့်စုံလင်း၊ ချမ်းဟိန်းဝင်းထွန်း၊ စောထက်နေယံ၊ နန်းစန္ဒီ၊ ဖူးကေရီဆောင်း၊ မြတ်ဆုချယ်နှင့် မေသူတို့က တိုင်းရင်းသားရိုးရာများနှင့် ဒေသဆိုင်ရာ အလှအပသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး ထိုသို့တင်ဆက်မှုကို ဖေဖော်ဝါရီ ၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ်၊ လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

နေပြည်တော် ဖေဖော်ဝါရီ ၈

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၁၀၄)ကို ဖေဖော်ဝါရီ ၁၀ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် သိမ့်သိမ့်အောင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၈

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက် အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၉၅ | ၂၂၄၅ | ၂၂၃၅ | ၂၂၀၅ | ၂၂၄၀ | ၂၂၆၅ | ၂၂၅၀ | ၂၂၂၅ | ၂၃၂၅ | ၂၃၄၀ | ၂၂၃၅ | ၂၂၄၅ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၁၀ | ၂၈၀၀ |
| 95 Ron | ၂၂၅၅ | ၂၃၀၅ | ၂၃၀၀ | ၂၂၆၀ | ၂၃၀၀ | ၂၃၂၅ | ၂၃၁၀ | ၂၂၈၅ | ၂၃၈၅ | ၂၄၀၀ | ၂၂၉၀ | ၂၃၁၀ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၀ | ၂၅၇၀ | ၂၈၈၀ |
| HSD (500 ppm) | ၂၂၅၀ | ၂၃၀၀ | ၂၃၀၀ | ၂၂၆၀ | ၂၃၀၀ | ၂၃၂၅ | ၂၃၂၀ | ၂၂၈၅ | ၂၄၀၅ | ၂၄၀၀ | ၂၂၉၀ | ၂၃၀၅ | ၂၃၃၅ | ၂၃၄၀ | ၂၃၄၀ | ၂၅၇၀ | ၃၃၅၀ |
| HSD (50 ppm) | ၂၃၃၀ | ၂၃၈၀ | ၂၃၈၀ | ၂၃၄၀ | ၂၃၈၀ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၈၅ | ၂၄၈၀ | ၂၃၇၀ | ၂၃၈၅ | ၂၄၁၅ | ၂၄၂၀ | ၂၄၂၀ | ၂၆၅၀ | ၃၃၈၀ |
| HSD (10 ppm) | ၂၃၃၀ | ၂၃၈၀ | ၂၃၈၀ | ၂၃၄၀ | ၂၃၈၀ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၈၅ | ၂၄၈၀ | ၂၃၇၀ | ၂၃၈၅ | ၂၄၁၅ | ၂၄၂၀ | ၂၄၂၀ | ၂၆၅၀ | ၃၃၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၈၄ | ၂၁၅၉ |
| 95 Ron | ၂၁၄၀ | ၂၂၁၇ |
| HSD (500 ppm) | ၂၁၄၃ | ၂၂၁၆ |
| HSD (50 ppm) | ၂၂၁၇ | ၂၂၉၁ |
| HSD (10 ppm) | ၂၂၁၇ | ၂၂၉၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မလှိုင်မြို့နယ် သပြေလှကျေးရွာ၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

မလှိုင် ဖေဖော်ဝါရီ ၈

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ကျပ်ဆည် ကျေးရွာအုပ်စု သပြေလှကျေးရွာ ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါ လမ်းပေါ်ရှိ ဖွင့်ပွဲဆိုင်းဘုတ်ရှေ့၌ ယနေ့ ကျင်းပကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုစုက မြို့နယ်တွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ပေးနိုင်မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်သည် သပြေလှကျေးရွာတွင်းမှ ခရိုင်ချင်းဆက်လမ်းသို့ တိုက်ရိုက်ဆက်သွယ်ထားသည့်လမ်းဖြစ်ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ထောက်ပံ့ရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၆ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၀၅၀




# ပန်းတောင်းမြို့နယ် အထက(ရှားဖြူကွင်း)၌ လူငယ်စကားဝိုင်း ကျင်းပ

ပန်းတောင်း ဖေဖော်ဝါရီ ၈

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက အထက (ရှားဖြူကွင်း) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန်းက အဖွင့်အမှာစကား ပြောကြားပြီး ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးက လူငယ်စကားဝိုင်း ကျင်းပခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍လူငယ်စကားဝိုင်းအား ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးက ဦးဆောင်ဆွေးနွေးကာ Grade-11 မှ ကျောင်းသား မောင်ကောင်းမြတ်သူက"လူငယ်နှင့်ဖွဲ့"၊ Grade-11 မှ ကျောင်းသူ မနန်းထိုက်နဒီအောင်က "လူငယ်နှင့် အထက်တန်းစားစိတ်ဓာတ်"၊ Grade-11 မှ ကျောင်းသူ မယွန်းဟေမာန်ဦးက "လူငယ်နှင့် အောင်မြင်မှု"၊ Grade-10 မှ ကျောင်းသား မောင်နေသူနိုင်က "လူထဲကလူ အတူတူမဟုတ်"၊ Grade- 10 မှ ကျောင်းသူ မဖြိုးနေခြည်ကိုက "လူငယ်နှင့် ကျော်ကြားမှု"စသည်ဖြင့် ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ဦးဆောင်ဆွေးနွေးသူ ကျောင်းသား ကျောင်းသူ ငါးဦးက ပြန်လည်ဖြေကြားခြင်းဖြင့် အပြန်အလှန် ဆွေးနွေးကြသည်။

အဆိုပါ လူငယ်စကားဝိုင်း ဆွေးနွေးပွဲသို့ ပေါက်တောမြို့ အထကမှ ကြီးကြပ် ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၁၀၀ ခန့် တက်ရောက်ကြပြီး ခန်းမအတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေး မူးယစ်ဆေးဝါးနံရံကပ် စာစောင်များကို ကြည့်ရှုကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

☆ MFF မှ

အသင်းစုစုပေါင်း ၁၀ သင်း၊ လိဂ်-၂ ပြိုင်ပွဲတွင် အသင်းစုစုပေါင်း ရှစ်သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ လိဂ်-၁ ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ MIU အသင်းအပါအဝင် VUC အသင်း၊ MFF ယူ-၁၈ အသင်း၊ Winner Soccer အသင်း၊ Dream Team FC၊ AMM Brothersအသင်း၊ Futsal Chit Thu အသင်း၊ AKG အသင်း၊ Futsal 19 အသင်းနှင့် Generations အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ဖူဆယ်လိဂ်-၁ ပြိုင်ပွဲကို ယခင်က အသင်းစုစုပေါင်း ၁၂ သင်းဖြင့် ကျင်းပရန်စီစဉ်ထားသော်လည်း နှစ်သင်း နုတ်ထွက်သွားသဖြင့် ၁၀ သင်းဖြင့်သာ ကျင်းပခြင်းဖြစ်သည်။ ပွဲစဉ် (၁) အဖြစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် Generations အသင်းနှင့် AMM Brothers အသင်း၊ VUC အသင်းနှင့် Dream Team FC၊ MFF ယူ-၁၈ အသင်းနှင့် Winner Soccer အသင်း၊ လက်ရှိချန်ပီယံ MIU အသင်းနှင့် AKG အသင်း၊ Futsal 19 အသင်းနှင့် Futsal Chit Thu အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၂၆ ရက်၊ ဒုတိယအကျော့ပွဲစဉ်များကို ဧပြီ ၂၀ ရက်မှ မေ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဖူဆယ်လိဂ်-၂ ပြိုင်ပွဲကို အသင်းရှစ်သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များကို မတ် ၁ ရက်မှ ၂၅ ရက်၊ ဒုတိယအကျော့ပွဲစဉ်များကို ဧပြီ ၁၉ ရက်မှ မေ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။ လိဂ်-၂ ပြိုင်ပွဲကို အသင်းစုစုပေါင်း ၁၀ သင်းဖြင့် ကျင်းပရန် စီစဉ်ထားသော်လည်း နှစ်သင်း နုတ်ထွက်သွားသဖြင့် ရှစ်သင်းသာ ကျန်ရှိတော့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် လက်ဝဲသုန္ဒရအသင်း၊ Dream Team Legends အသင်း၊ ရွှေပြည်သာအသင်း၊ M- Million အသင်း၊ Yoma အသင်း၊ Red Eagle အသင်း၊ NY အသင်းနှင့် Maryar အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၁) အဖြစ် မတ် ၁ ရက်တွင် Red Eagle အသင်းနှင့် Dream Team Legends အသင်း၊ NY အသင်းနှင့် Maryar အသင်း၊ M- Million အသင်းနှင့် လက်ဝဲသုန္ဒရအသင်း၊ Yoma အသင်းနှင့် ရွှေပြည်သာ အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ကိုညီလေး**



မြောက်ဥက္ကလာပမြို့နယ် လျှပ်စစ်မန်နေဂျာရုံး ဝန်ထမ်းများနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနဝန်ထမ်းများ ပူးပေါင်း၍ ဖေဖော်ဝါရီ ၇ ရက်က(၄)ရပ်ကွက် သုခမ္မာလမ်းမ တစ်လျှောက်ရှိ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင် သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းစဉ်။

မြို့နယ်(ပြန်/ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြို့ကုန်း(အရှေ့)ရပ်ကွက်နေ မြနိုင်သည် ၎င်းအသုံးပြုသည့် "Mya Naing" Facebook အကောင့်၊ မင်္ဂလာဒုံမြို့နယ်နေ ကေခိုင်ဝင်းသည် ၎င်းအသုံးပြုသည့် "Kay Kahing Win" Facebook အကောင့်၊ ရွှေပြည်သာမြို့နယ် (၁၀/၃၄)ရပ်ကွက်နေ ထက်အောင်ကိုကိုသည် ၎င်းအသုံးပြုသည့် "Htet Aung Ko Ko" Facebook အကောင့်၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် ရေအုပ်ကန်ကျေးရွာနေ အောင်ကိုငြိမ်းသည် ၎င်းအသုံးပြုသည့် "Aung Ko Nyein" Facebook အကောင့်၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အင်းသာကျေးရွာနေ သီဟထွန်း(ခ)သားသားသည် ၎င်းအသုံးပြုသည့် "Thiha Tun" Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်မင်္ဂလာရပ်ကွက်နေ အောင်ခိုင်ဦးသည် ၎င်းအသုံးပြုသည့် "Aung Khaing Oo" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်နေ အာကာကျော်သည် ၎င်းအသုံးပြုသည့် "Arkar Kyaw" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာထွန်းအောင်ကျော် ပါမောက္ခ(ဌာနမှူး) မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ယခုပို့ချချက်သည် ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် "မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ" ဖြစ်ပါသည်။ ဤပို့ချချက်သည် မြန်မာစာပြဋ္ဌာန်းစာများကို လေ့လာကျက်မှတ်ရာတွင်လည်းကောင်း၊ စာမေးပွဲအတွက် ပြင်ဆင်ရာတွင် အဆင်ပြေချောမွေ့စေရန်လည်းကောင်း၊ စာမေးပွဲကို ထူးချွန်ပေါက်မြောက်စွာ ဖြေဆိုနိုင်စေရန်လည်းကောင်း ရည်ရွယ်ပါသည်။ ယခု ၂၀၂၃ ခုနှစ်တွင် ဖြေဆိုရမည့်မေးခွန်းပုံစံသည် ၂၀၁၉ မတ်လတွင် စတင်စစ်ဆေးခဲ့သော မေးခွန်းပုံစံအသစ်အတိုင်း ဖြစ်ပါသည်။ မြန်မာစာဘာသာရပ်မေးခွန်းပုံစံသစ်သည် ကျောင်းသားကျောင်းသူများ သင်ခန်းစာကို နှုတ်တိုက်အလွတ်ကျက်မှတ်ခြင်းကို လျှော့ချပြီး တစ်နှစ်ပတ်လုံး သင်ယူလေ့လာဆည်းပူးထားသည့် သင်ခန်းစာများကို ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှု၊ ကိုယ်ပိုင်တီထွင်ဖန်တီးနိုင်မှု၊ ကိုယ်ပိုင်ရေးသားတင်ပြမှု၊ ကိုယ်တိုင်ဆုံးဖြတ်နိုင်မှုစွမ်းရည်တို့ဖြင့် ပေါင်းစပ်ကာဖြေဆိုနိုင်မည့်ပုံစံသို့ ဦးတည်ပြောင်းလဲထားခြင်းဖြစ်သည်။ ယခုပို့ချချက်တွင် မေးခွန်းပုံစံသစ်နှင့်အညီ အံဝင်ခွင်ကျဖြေဆိုနိုင်ရေးအတွက် ဆွေးနွေးတင်ပြမည်ဖြစ်ပါသည်။

မြန်မာစာဘာသာရပ်သည် ဘာသာစကားနှင့် စာပေအရေးအသားကို အထူးပြုသင်ကြားလေ့ကျင့်ပေးသော ဘာသာရပ်ဖြစ်သည့်အလျောက် မြန်မာစာဘာသာရပ်ကို လေ့လာရာတွင် တွေးခေါ်စဉ်းစားသည့် အလေ့အထ၊ စာရေးသားသည့် အလေ့အကျင့်များစွာ လိုအပ်ပါသည်။ လက်ရှိအခြေအနေတွင် ကျောင်းသား ကျောင်းသူများသည် မြန်မာစာဘာသာရပ်ကို လေ့လာရာတွင် အလွတ်ကျက်မှတ်ဖြေဆိုမှုကို လွန်ကဲစွာ အားပြုနေကြသည့်အတွက် အလွတ်ကျက်မှတ်မှုနှင့် ကိုယ်ပိုင်တွေးခေါ်စဉ်းစားဖန်တီးရေးသားနိုင်မှုတို့ကို ဟန်ချက်ညီညီ ပေါင်းစပ်ဖြေဆိုနိုင်ရန် မေးခွန်းပုံစံကို ပြောင်းလဲထားပါသည်။ ထို့အတွက်ကြောင့် ကျောင်းသား ကျောင်းသူများအနေဖြင့် မေးခွန်းပုံစံသစ်၏ ဦးတည်ချက်အတိုင်း အံဝင်ခွင်ကျဖြစ်အောင် လေ့လာဖြေဆိုကြရန် အထူးလိုအပ်လှပါသည်။

**ပြဋ္ဌာန်းစာနှင့် မေးခွန်းဖွဲ့စည်းမှု**

ဒသမတန်း(တက္ကသိုလ်ဝင်တန်း)မြန်မာစာဘာသာရပ်အတွက် လေ့လာသင်ယူရန် သတ်မှတ်ပြဋ္ဌာန်းထားသော စာအုပ်(၄)အုပ်ရှိပါသည်။ ထိုစာအုပ် (၄)အုပ်မှာ ဒသမတန်း မြန်မာစကားပြေလက်ရွေးစင်၊ ဒသမတန်းမြန်မာကဗျာလက်ရွေးစင်၊ ရေသည်ပြဇာတ်နှင့် မြန်မာသဒ္ဒါအတွဲ(၂) အခန်း(၆)တို့ ဖြစ်ပါသည်။

မြန်မာစာမေးခွန်းသည် ၃ နာရီ ဖြေဆိုခွင့်ပြုသော မေးခွန်းဖြစ်ပါသည်။ မေးခွန်းတွင် မေးခွန်းကြီး (၆)ပုဒ် ပါဝင်ပါသည်။ သဒ္ဒါပြဋ္ဌာန်းချက်ကိုမေးသည့် သဒ္ဒါမေးခွန်းကြီး (၁)ပုဒ်၊ ဒသမတန်းစကားပြေလက်ရွေးစင်၊ ဒသမတန်းကဗျာလက်ရွေးစင်နှင့် ရေသည်ပြဇာတ်တို့မှ ဝေါဟာရများ၊ အလင်္ကာများနှင့် ပြဋ္ဌာန်းစာအုပ်အားလုံးမှ စာလုံးပေါင်းသတ်ပုံတို့ပါဝင်သည့် မေးခွန်းကြီး(၁)ပုဒ်၊ ဒသမတန်းကဗျာလက်ရွေးစင်မှ ကဗျာခမ္မဝိဂ္ဂဟန်မေးခွန်းတိုနှင့် ကဗျာမေးခွန်းရှည်တို့ပါဝင်သည့် ကဗျာမေးခွန်းကြီး (၁)ပုဒ်၊ ဒသမတန်းစကားပြေလက်ရွေးစင်မှ စကားပြေခမ္မဝိဂ္ဂဟန်မေးခွန်းတိုနှင့် စကားပြေမေးခွန်းရှည်တို့ ပါဝင်သည့် စကားပြေမေးခွန်းကြီး (၁)ပုဒ်၊ ရေသည်ပြဇာတ်မှ စကားစပ်မေးခွန်းနှင့် ရေသည်ပြဇာတ်မေးခွန်းရှည်တို့ပါဝင်သည့် ရေသည်ပြဇာတ်မေးခွန်းကြီး (၁)ပုဒ်၊ စာစီစာကုံးနှင့် အဆိုဆွေးနွေးတို့ ပါဝင်သည့် ကိုယ်ပိုင်အရေးအသားအတင်အပြ မေးခွန်းကြီး (၁)ပုဒ် စုစုပေါင်း မေးခွန်းကြီး (၆)ပုဒ် ပါဝင်သည်။ မေးခွန်းတိုင်းတွင် မေးခွန်းပုဒ်ခွဲများပါဝင်ပြီး ရွေးချယ်စရာမေးခွန်းများလည်း ပါဝင်ပါသည်။

**မေးခွန်းတစ်ပုဒ်ချင်း ရှင်းလင်းချက်**

တက္ကသိုလ်ဝင်တန်း မြန်မာစာမေးခွန်းလွှာတွင် မေးခွန်းနံပါတ် (၁) မေးခွန်းသည် မြန်မာသဒ္ဒါမေးခွန်းဖြစ်ပါသည်။ ထိုမေးခွန်းတွင် ကျက်မှတ်မှုနှင့် နားလည်သဘောပေါက်အောင် လေ့ကျင့်မှုတို့ကို ဟန်ချက်ညီစွာပေါင်းစပ်ထားပါသည်။ မြန်မာသဒ္ဒါမေးခွန်းတွင် အဓိကအားဖြင့် အပိုင်းနှစ်ပိုင်းပါဝင်ပါသည်။ အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ချက်များ၊ သဒ္ဒါသဘောတရားများကို စစ်ဆေးသည့်အပိုင်းနှင့် မြန်မာသဒ္ဒါဆိုင်ရာသဘောတရားများကို မည်မျှလက်တွေ့အသုံးချနိုင်သည်ကို စစ်ဆေးအကဲဖြတ်သည့် အပိုင်းတို့ဖြစ်ကြပါသည်။

မေးခွန်း ၁(က)ဖြစ်သည့် ပထမပိုင်းတွင် မြန်မာသဒ္ဒါဆိုင်ရာမေးခွန်းနံပါတ် ၁(က)သည် သဒ္ဒါပြဋ္ဌာန်းစာအုပ်မှ အပိုင်းသုံးပိုင်းဖြစ်သော မြန်မာစာမြန်မာစကားဆိုင်ရာ သိမှတ်ဖွယ်များအပိုင်း၊ ဝါစင်္ဂဆိုင်ရာသိမှတ်ဖွယ်များအပိုင်း၊ ဝါကျဆိုင်ရာ သိမှတ်ဖွယ်များအပိုင်းတို့မှ အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ချက်များ၊ ရှင်းလင်းဖော်ပြချက်များကို မေးသည့် မေးခွန်းဖြစ်ပါသည်။ ဤမေးခွန်းသည် ကျက်မှတ်မှုကို အားပြုသည့် မေးခွန်းဖြစ်သည့်အတွက် ကျက်မှတ်ထားမှသာ တိတိကျကျဖြေဆိုနိုင်မည်ဖြစ်ပါသည်။ ဤမေးခွန်းကို ဖြေဆိုရန်အတွက် ရွေးချယ်စရာသုံးပုဒ်ပေးထားပြီး တစ်ပုဒ်ကိုသာ ဖြေဆိုရမည်ဖြစ်ပါသည်။ ပေးမှတ်မှာ (၅)မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်လျှင် အမှတ်ပြည့်ရသည့် မေးခွန်းဖြစ်ပါသည်။

ဤမေးခွန်းအတွက် သဒ္ဒါစာအုပ်၏ အပိုင်းသုံးပိုင်းစလုံးကို ကျေညက်နေရန် လိုအပ်ပါသည်။ အပိုင်းတစ်ပိုင်းပိုင်းကို ချန်လှပ်ကျက်မှတ်ခြင်းမျိုး မပြုသင့်ပေ။ မေးခွန်းပုံစံသစ်အဖြစ် ပြောင်းလဲထားသည်ဖြစ်ရာ သမားရိုးကျအတိုင်းမေးမည်ဟု ယူဆထား၍ မရနိုင်ပါ။ မေးရိုးမေးစဉ်အတိုင်း စာရှစ်စာမှ တစ်ပုဒ်ပါမည်၊ အက္ခရာပြောင်းလဲပုံမှ တစ်ပုဒ်ပါမည် စသည်ဖြင့် ပုံသေယူဆထား၍မရပါ။ စာရှစ်စာ မပါဘဲ၊ အက္ခရာပြောင်းလဲပုံ မပါဘဲ မေးလာခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။ ဤမေးခွန်းသည် သဒ္ဒါနှင့်ပတ်သက်၍ စေ့စေ့စပ်စပ်သိရှိရန် ရည်ရွယ်ခြင်းဖြစ်သဖြင့် စေ့စေ့စပ်စပ် လေ့လာကျက်မှတ်ထားရန် လိုအပ်ပါသည်။

**နမူနာ**

၁။ (က) အောက်ပါတို့အနက် __တစ်ခု__အကြောင်းကို ဖော်ပြပါ။ (၅ မှတ်)

ကျောက်စာ၊ လှုပ်ရှားနိုင်သောစကားသံဖြစ်အင်္ဂါ(၅)မျိုး၊ အနက်အဓိပ္ပာယ်အရ ကြိယာဝိသေသန(၅)မျိုး။

ဤမေးခွန်းတွင် သဒ္ဒါစာအုပ်၏ အပိုင်းသုံးပိုင်းမှ ထုတ်နုတ်မေးရာ၌ ပြဋ္ဌာန်းစာအုပ်ပါအတိုင်း "၏ သည် မလွဲ" တစ်သဝေမတိမ်း မေးမည်ဟု ယူဆ၍မရနိုင်ပါ။ ဆိုလိုသည်မှာ နမူနာတွင်ပါရှိသော မေးခွန်း၌ လှုပ်ရှားနိုင်သောစကားသံဖြစ်အင်္ဂါ (၅)မျိုးကို မေးထားပါသည်။ ပြဋ္ဌာန်းစာအုပ်တွင် လှုပ်ရှားနိုင်သောစကားသံဖြစ်အင်္ဂါ(၇)မျိုး (လျှာရင်း၊ လျှာနောက်၊ လျှာလယ်၊ လျှာရှေ့(လျှာဖျားအနီး)၊ လျှာဖျား၊ အောက်နှုတ်ခမ်း၊ လျှာခင်)ကို ဖော်ပြထားသော်လည်း မေးခွန်းတွင်(၅)မျိုးကိုသာ မေးသဖြင့် ပြဋ္ဌာန်းစာအုပ်ပါ (၇)မျိုးမှ မိမိနှစ်သက်ရာ (၅)မျိုးကိုသာ ရွေးချယ်ဖြေဆိုရန် ဖြစ်ပါသည်။

မေးခွန်း ၁(ခ) ဖြစ်သည့် ဒုတိယပိုင်းတွင် မေးသည့်မေးခွန်းမှာ မြန်မာသဒ္ဒါဆိုင်ရာ သဘောတရားအချက်အလက်များကို လက်တွေ့ကျကျ မည်မျှသိရှိသည်၊ မည်မျှအသုံးချနိုင်သည်ဆိုသည်ကို စစ်ဆေးအကဲဖြတ်သည့်မေးခွန်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် သဒ္ဒါလေ့ကျင့်ခန်းမေးခွန်းဟု ဆိုနိုင်ပါသည်။ မြန်မာသဒ္ဒါပြဋ္ဌာန်းချက်ပါ သင်ခန်းစာများမှ ကျောင်းသား ကျောင်းသူများ အမှန်တကယ်နားလည်ဖြေဆိုနိုင်မည့် လက်တွေ့လေ့ကျင့်ခန်းအမျိုးမျိုးကို မေးမြန်းမည်ဖြစ်ပါသည်။ သဒ္ဒါလေ့ကျင့်ခန်းများကို ဖြေဆိုနိုင်ရန်အတွက် သဒ္ဒါစာအုပ်ပါ သဘောတရားများကို ကောင်းစွာနားလည်သဘောပေါက်အောင်လေ့လာပြီး လေ့ကျင့်ခန်းများကို အထပ်ထပ်အခါခါ လေ့ကျင့်ထားရမည် ဖြစ်ပါသည်။

ဤမေးခွန်းတွင် ယခင်ကမေးလေ့ရှိသည့် သဒ္ဒါစကားလုံးနှင့် သဒ္ဒါအမျိုးအစားမေးခွန်းမျိုးကို မေးနိုင်သကဲ့သို့ သဒ္ဒါစကားလုံးဖွဲ့စည်းရေးသားစေခြင်း (ပုံစံ-ပေါင်းစပ်နာမ်စကားလုံး၊ ပေါင်းစပ်ကြိယာ စကားလုံး၊ ကြိယာဝိသေသနစကားလုံး ဖန်တီးရေးသားစေခြင်း)၊ ဝါကျတွင်းပုဒ်အထားအသို(စကားအထားအသို) ပြင်ဆင်ရေးဖွဲ့စေခြင်း(ကတ္တားအထားအသို၊ နာမဝိသေသနအထားအသို၊ ကြိယာဝိသေသနအထားအသို)၊ ပေးထားသောဝါကျတွင် ဆီလျော်သော သဒ္ဒါစကားလုံး ဖြည့်စွက်ရေးသားစေခြင်းစသည့် သဒ္ဒါလေ့ကျင့်ခန်း မေးခွန်းအမျိုးမျိုးကို တိုးချဲ့မေးမြန်းနိုင်ပါသည်။

**နမူနာ**

၁။ (ခ) ပေးထားသောစကားလုံးများမှ __ငါးခု__ ကို ခနဲ ပစ္စည်းဆက်၍ ကြိယာဝိသေသနအဖြစ် ဝါကျတစ်ခုစီတွင်သုံးပြပါ။ (၁၀ မှတ်)

အေး၊ လက်၊ ဖြုန်း၊ ဝေါ၊ ဝင်း၊ ဆတ်၊ ပူ။

ဤမေးခွန်းသည် သဒ္ဒါကို အလွတ်ကျက်မှတ်ခြင်းထက် သဒ္ဒါနှင့်ပတ်သက်၍ လေ့လာထားသည်များကို စဉ်းစားဆင်ခြင်ပြီး လက်တွေ့အသုံးချရသည့် လေ့ကျင့်ခန်း မေးခွန်းမျိုးဖြစ်သည်။ သဒ္ဒါနှင့်ပတ်သက်သည့် လေ့ကျင့်ခန်းများကို နားလည်သဘောပေါက်အောင် အကြိမ်ကြိမ်လေ့လာလေ့ကျင့်ထားသင့်ပါသည်။ သဒ္ဒါကိုနားလည်ပြီး လက်တွေ့အသုံးချသည့်အပိုင်းသို့ ဦးတည်ထားခြင်းဖြစ်ရာ လက်တွေ့ဘဝတွင် ပြောဆိုအသုံးပြုနိုင်အောင် လေ့လာထားသင့်ပါသည်။ နမူနာမေးခွန်းကို ဖြေဆိုရာတွင် လက်တွေ့ဘဝ၌ အသုံးပြုသည့်ပုံစံအတိုင်း ရေးသားဖြေဆိုသင့်ပါသည်။

ပုံစံ-

ဝေါ-ခနဲ ပစ္စည်းဆက်၍ ကြိယာဝိသေသနအဖြစ်သုံးခြင်း

မိုးသည် ရုတ်တရက် __ဝေါခနဲ__ ရွာချလိုက်သည်။

**မေးခွန်းနံပါတ် ၂**

မေးခွန်းနံပါတ်(၂)သည် ပြဋ္ဌာန်းစာအုပ်များမှ ဝေါဟာရဆိုင်ရာမေးခွန်းဖြစ်ပါသည်။ ဤမေးခွန်းတွင် မေးခွန်းပုဒ်ခွဲ သုံးပုဒ်ပါဝင်ပါသည်။ ပုဒ်ရေအရေအတွက် အပြောင်းအလဲမရှိပါ။ ပုဒ်ခွဲသုံးပုဒ်တွင် ၂(က)သည် ခက်ဆစ်မေးခွန်း၊ ၂(ခ)သည် စာလုံးပေါင်းသတ်ပုံမေးခွန်း၊ ၂(ဂ)သည် အလင်္ကာမေးခွန်းတို့ ဖြစ်ပါသည်။

မေးခွန်းနံပါတ် ၂(က)သည် ကဗျာ၊ စကားပြေနှင့် ရေသည်ပြဇာတ်စာအုပ်များမှ ဝေါဟာရများကို ခက်ဆစ်အဓိပ္ပာယ်ဖွင့်ဆိုခိုင်းခြင်းဖြစ်ပါသည်။ (၇)ခု ပေးထားပြီး (၅)ခု ဖြေဆိုရပါမည်။ ရှေးသုံးခေတ်သုံး မခွဲခြားဘဲ ပြဋ္ဌာန်းစာအုပ်ပါ ဝေါဟာရအားလုံးကို ခက်ဆစ်အဓိပ္ပာယ်ဖွင့်ဆိုစေမည် ဖြစ်ပါသည်။

**နမူနာ**

၂။ (က) အောက်ပါဝေါဟာရတို့အနက် __ငါးခု__၏ အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။ (၅ မှတ်)

ရေးတော်၊ ကလိုင်၊ သောင်းပြောင်း၊ လက်ရေး၊ တစ်ပတ်နွမ်း၊ ခုတင်ခု၊ လှမနော်။

ခက်ဆစ်မေးခွန်းများကို ဖြေဆိုရာတွင် ပြဋ္ဌာန်းစာပါ ဖွင့်ဆိုချက်အတိုင်း အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်ပါသည်။ မိမိသဘောဖြင့် ဖွင့်ဆို၍မရပေ။ အဓိပ္ပာယ်ဖွင့်ပုံတိကျရန် လိုအပ်ပါသည်။ မြန်မာဝေါဟာရ၏အဓိပ္ပာယ်သည် အသုံးပြုပုံကိုလိုက်၍ အဓိပ္ပာယ်အမျိုးမျိုးရှိနိုင်ပါသည်။ ပုံစံအားဖြင့် နမူနာပါ "လက်ရေး" ဟူသောဝေါဟာရကို အများသိရှိထားသည့်အတိုင်း "လက်ဖြင့်ရေးသားသော အက္ခရာအရေးအသား။" ဟု ဖြေဆို၍မရပေ။ စီးချင်းတိုက်ပွဲသင်ခန်းစာတွင် ဖွင့်ဆိုသည့်အတိုင်း "ကာယစွမ်းရည်။ လက်ရုံးရည်"ဟု ဖြေဆိုမှသာ မှန်ကန်မည်ဖြစ်သည်။ မေးခွန်းသဘောအရ ပြဋ္ဌာန်းစာအုပ်ပါ ဝေါဟာရ၏ ခက်ဆစ်အဖွင့်ကို စစ်ဆေးခြင်းသည် ပြဋ္ဌာန်းစာတွင် ဤဝေါဟာရကို မည်သည့်အဓိပ္ပာယ်ဖြင့် သုံးနှုန်းထားသည်ကို သိရှိစေလိုသည့်အတွက် စစ်ဆေးခြင်းဖြစ်ပါသည်။ ပေးထားသောဝေါဟာရ၏ သဒ္ဒါအမျိုးအစားနှင့် အဓိပ္ပာယ်ဖွင့်ဆိုသည့် သဒ္ဒါအမျိုးအစား ကိုက်ညီရန်လည်း လိုအပ်ပါသည်။ ပုံစံအားဖြင့် နမူနာပါ "ခုတင်ခု" သည် ရေသည်ပြဇာတ်မှ ဝေါဟာရဖြစ်ပါသည်။ ယင်းကို ဖြေဆိုရာတွင် ရေသည်ပြဇာတ်တွင် သုံးနှုန်းဖွင့်ဆိုထားသည့်အတိုင်း ကြိယာဝိသေသန အဓိပ္ပာယ်ဖြင့်သာ ဖွင့်ဆိုရပါမည်။ "ခုတင်ခု"ကို ပြဋ္ဌာန်းစာအုပ်တွင် "ခဏခဏ" ဟု ကြိယာဝိသေသနအဖြစ် ဖွင့်ဆိုထားပါသည်။ ယင်းကို "ခုတင်ကို ခုသည်။"ဟု ကြိယာအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုပါက မှားယွင်းမည်ဖြစ်သည်။

ပြဋ္ဌာန်းစာအုပ်များတွင် ခက်ဆစ်ဖွင့်ဆိုချက်များ၌ တစ်ချောင်းပုဒ် ခံထားပါက အဓိပ္ပာယ်ပြည့်စုံခြင်းမရှိသေးသည့်အတွက် ဆက်လက်ဖော်ပြရန် လိုအပ်ပါသည်။ ပုဒ်မခံထားသော ဖွင့်ဆိုချက်ဖြစ်ပါက တစ်ခုကိုဖော်ပြလျှင် များသောအားဖြင့် လုံလောက်ပါသည်။ များသောအားဖြင့်ဟုဆိုရခြင်းမှာ တစ်ခါတစ်ရံတွင် ပုဒ်မချထားသော်လည်း အဓိပ္ပာယ်မပြည့်စုံသဖြင့် ဆက်လက်ဖွင့်ဆိုရသော အဓိပ္ပာယ်ဖွင့်ဆိုချက်မျိုးလည်း ရှိတတ်သောကြောင့် ဖြစ်ပါသည်။

မေးခွန်းနံပါတ် ၂(ခ)သည် အမှားအမှန်စကားလုံးအတွဲတွင် စာလုံးပေါင်းသတ်ပုံအမှန်ကို ရွေးချယ်စေခြင်းဖြစ်ပါသည်။ သတ်ပုံမေးရာတွင် ပြဋ္ဌာန်းစာအုပ်များပါ ဝေါဟာရများကို အခြေခံ၍ တက္ကသိုလ်ဝင်တန်းအဆင့် ကျောင်းသား ကျောင်းသူတို့ သိသင့်သိထိုက်သည့် စာလုံးပေါင်းများကို ရွေးချယ်စစ်မေးမည်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများအနေဖြင့် ပြဋ္ဌာန်းစာအုပ်များကို လေ့လာသည့်အခါ မြန်မာဝေါဟာရများ၏ စာလုံးပေါင်းအမှန်ကို ဂရုတစိုက်မှတ်သားထားပါက အထူးတလည် အလွတ်ကျက်မှတ်နေရန်မလိုဘဲ မှန်ကန်စွာဖြေဆိုနိုင်မည့် မေးခွန်းမျိုးဖြစ်ပါသည်။ သတ်ပုံအမှန်ကို သိရှိအောင် သတိရှိရှိ လေ့လာအားထုတ်ထားခြင်းဖြင့် မေးခွန်းအပုဒ်တိုင်းကို ဖြေဆိုရာ၌ အထောက်အကူပြုမည့်အပြင် ဘဝတစ်လျှောက်လုံး မြန်မာစာရေးသားရသည့်အခါတိုင်းတွင် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

**နမူနာ**

၂။ (ခ) အောက်ပါစကားလုံးအတွဲများမှ စာလုံးပေါင်းအမှန်ကို ရွေးချယ်ပါ။ (၅ မှတ်)

နှောင့်ယှက်-နှောက်ယှက်၊ နေ့လယ်-နေ့လည်၊ အမြက်ထွက်-အမျက်ထွက်၊ ပင်ပမ်း-ပင်ပန်း၊ ခြူခြာ-ချူချာ။

ဤမေးခွန်းကို ဖြေဆိုရာတွင် မေးခွန်းကို ပြန်ကူးပေးရန်မလိုပါ။ မှန်သောစာလုံးပေါင်းများ (သို့မဟုတ်) စာလုံးပေါင်းမှန်သော

*စာမျက်နှာ ၁၉ သို့* ❖

❖ *စာမျက်နှာ ၁၈ မှ*

စကားလုံးများဟု ခေါင်းစဉ်တပ်ကာ မှန်သည့်စကားလုံးများကိုသာ ရေးသားဖြေဆိုလျှင် လုံလောက်ပါသည်။ အထက်ပါ ပုံစံမေးခွန်းကို ဖြေဆိုမည်ဆိုပါက အောက်ပါအတိုင်း ဖြေဆိုနိုင်ပါသည်။

**မှန်သောစာလုံးပေါင်းများ**

နှောင့်ယှက်
နေ့လယ်
အမျက်ထွက်
ပင်ပန်း
ချူချာ

မေးခွန်းနံပါတ် ၂(ဂ) သည် အလင်္ကာမေးခွန်းဖြစ်သည်။ ပေးထားသော စကားအသုံးအနှုန်းကို အလင်္ကာအမျိုးအစားဖော်ပြပေးစေခြင်းနှင့် သက်ဆိုင်ရာသင်ခန်းစာတွင် မည်သို့သုံးထားသည့်အတွက် ထိုအလင်္ကာမြောက်ကြောင်း ရှင်းပြစေခြင်းတို့ကို မေးသည့် မေးခွန်းဖြစ်ပါသည်။ ဖြေဆိုရာတွင် ပုံစံတစ်မျိုးမျိုးကို ပုံသေသတ်မှတ်ဖြေဆိုစေခြင်းထက် ကျောင်းသား ကျောင်းသူတို့ အမှန်တကယ်နားလည်ပြီး ဖြေဆိုနိုင်သည့် အဖြေအပေါ်တွင်သာ အကဲဖြတ်အမှတ်ပေးသွားမည်ဖြစ်ပါသည်။ အလင်္ကာကို အလွတ်ကျက်မှတ်ခြင်းထက် အလင်္ကာ၏ သဘောသဘာဝကို နားလည်သဘောပေါက်ကာ ဖြေဆိုနိုင်မှုကို ဦးတည်ထားခြင်းဖြစ်သဖြင့် အလင်္ကာဖြေဆိုရာ၌ မိမိနားလည်တတ်မြောက်ထားသည့် အလင်္ကာသဘောကို မှန်ကန်စွာဖြေဆိုနိုင်လျှင် မည်သည့်အတင်အပြပုံစံဖြင့် ဖြေဆိုသည်ဖြစ်စေ အမှတ်ပြည့်ရရှိမည်ဖြစ်ပါသည်။ ပေးထားသောအလင်္ကာအသုံး အရေအတွက်မှာ (၇)ခု ဖြစ်ပြီး (၅)ခုကို ရွေးချယ်ဖြေဆိုရမည် ဖြစ်ပါသည်။

**နမူနာ**

၂။ (ဂ) အောက်ပါတို့အနက် __ငါးခု__ကို အလင်္ကာငါးမျိုးမှ မည်သည့်အလင်္ကာဖြစ်ကြောင်း ဖော်ပြပါ။ သက်ဆိုင်ရာသင်ခန်းစာတွင် မည်သို့အသုံးပြုထားသည့်အတွက် ဤအလင်္ကာမြောက်ကြောင်းကိုလည်း ရှင်းပြပါ။ (၁၀မှတ်)

ဖွတ်မင်းနောင်၊ ပုတ်လောက်၊ ယောင်ထန်းစေ့မှုတ်၊ ငှက်ပျံသလို၊ တိမ်မင်တုံး၊ တောင်လေရှူန်းရှူန်း၊ တာဝတိံသာနတ်ရွာလော။

**မေးခွန်းနံပါတ် ၃**

မေးခွန်းနံပါတ်(၃)သည် ကဗျာမေးခွန်းဖြစ်သည်။ မေးခွန်းပုဒ်ခွဲနှစ်ပုဒ် ပါဝင်သည်။ မေးခွန်း ၃(က)မှာ ကဗျာမေးခွန်းတိုဖြစ်ပြီး မေးခွန်း ၃(ခ)မှာ ကဗျာမေးခွန်းရှည်ဖြစ်သည်။

၃(က) ကဗျာမေးခွန်းတိုတွင် မေးခွန်းပုံစံအပြောင်းအလဲ မရှိသော်လည်း မေးမည့် မေးကွက်ကို ချဲ့ထွင်ထားပါသည်။ ကဗျာစာသားကောက်နုတ်ချက်အတိုကို ပေးထားပြီး ဆိုလိုရင်းရေးသားစေသည့် မေးခွန်းမျိုး ပါဝင်လာမည်ဖြစ်သည်။ ပုဒ်ရေ(၇)ပုဒ်ပေးထားပြီး (၅)ပုဒ် ဖြေဆိုရပါမည်။ မေးခွန်းပါနံပါတ်အတိုင်း မှန်ကန်အောင်တပ်၍ ဖြေဆိုရပါမည်။ (မိမိနံပါတ်စဉ်အတိုင်းမတပ်မိရန် သတိပြုရပါမည်။) အဖြေချည်းသက်သက် ရေးချခြင်းထက် မေးခွန်းကို ကောက်၍ ဖြေဆိုပါက ပိုမို၍ သင့်လျော်ပါသည်။

နံပါတ် ၃ (ခ)သည် ကဗျာမေးခွန်းရှည် ဖြစ်ပါသည်။ ဤမေးခွန်းသည် မေးခွန်းပုံစံ အနေဖြင့် ပြောင်းလဲမှုမရှိသော်လည်း စစ်ဆေးအကဲဖြတ်ရာတွင်မူ ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်၏တစ်ဝက်၊ မိမိကိုယ်ပိုင်အရေးအသား အတင်အပြစွမ်းရည်ဖြင့် မေးခွန်းနှင့်အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်၏ တစ်ဝက်သတ်မှတ်ကာ စစ်ဆေးအကဲဖြတ်မည်ဖြစ်ပါသည်။ ထို့ကြောင့် မေးခွန်း၏ရှုထောင့်အတိုင်း အံဝင်ခွင်ကျဖြေဆိုနိုင်ရန် အရေးကြီးပါသည်။ မိမိကျက်မှတ်ထားသည့် ကဗျာခေါင်းစဉ်ပါလာသည်နှင့် ကဗျာစာသားတစ်ပုဒ်လုံး ချရေးကာ စကားပြေပြန်ဆိုရေးသားဖြေဆိုမည်ဆိုပါက အချက်အလက်အားလုံးပါဝင်စေကာမူ မေးခွန်းနှင့် အံမဝင်လျှင် ပေးမှတ်တစ်ဝက်အောက်သာရရှိမည်ဖြစ်ပါသည်။ ကဗျာကောက်နုတ်ချက်စာသားများကိုလည်း မေးခွန်းနှင့် အံဝင်ခွင်ကျဖြစ်ရုံသာ ထည့်သွင်းဖြေဆိုရမည်ဖြစ်သည်။ အထူးမှာကြားလိုသည်မှာ မေးခွန်းကတောင်းဆိုသည့် ရှုထောင့်နှင့်အာဘော်ကို သေချာစွာဖတ်ရှုပြီးမှ ကိုယ်ပိုင်အရေးအသားအတင်အပြဖြင့် အံဝင်ခွင်ကျဖြေဆိုရန် ဖြစ်ပါသည်။

**မေးခွန်းနံပါတ် ၄**

မေးခွန်းနံပါတ်(၄)သည် စကားပြေမေးခွန်းဖြစ်ပါသည်။ မေးခွန်းနံပါတ်(၃) ကဗျာမေးခွန်းနှင့် သဘောသဘာဝအားဖြင့် တူပါသည်။ မေးခွန်းပုဒ်ခွဲနှစ်ပုဒ် ပါဝင်ပါသည်။ နံပါတ် ၄(က)မှာ စကားပြေ မေးခွန်းတိုဖြစ်ပါသည်။ ဖြေဆိုရန်မေးထားသည့် ပုဒ်ရေအရေအတွက်မှာ (၇)ပုဒ်ဖြစ်ပါသည်။ ကဗျာနှင့် စကားပြေမေးခွန်းတိုများကို ဖြေဆိုရာတွင် ပေးထားသော မေးခွန်းနံပါတ်နှင့် မိမိရွေးချယ်ဖြေဆိုသောနံပါတ်တို့ တူညီမှုရှိရပါမည်။ မေးခွန်းနှင့် အဖြေ နံပါတ်ကိုက်ညီမှုမရှိပါက အဖြေမှန်စေကာမူ အမှတ်ဆုံးရှုံးမည်ဖြစ်ပါသည်။ စကားပြေမေးခွန်းတိုဖြေဆိုရာတွင်လည်း ကဗျာမေးခွန်းတိုကဲ့သို့ပင် ဝါကျအပြည့်အစုံ ရေးသားဖြေဆိုသင့်ပါသည်။

မေးခွန်းနံပါတ် ၄(ခ)သည် စကားပြေမေးခွန်းရှည်ဖြစ်ပါသည်။ စကားပြေမေးခွန်းရှည်သည်လည်း ကဗျာမေးခွန်းရှည်ကဲ့သို့ပင် ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်၏တစ်ဝက်၊ မိမိကိုယ်ပိုင်အရေးအသား အတင်အပြစွမ်းရည်ဖြင့် မေးခွန်းနှင့် အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်၏ တစ်ဝက်ပေးကာ စစ်ဆေးအကဲဖြတ်သည့် မေးခွန်းဖြစ်ပါသည်။ စကားပြေမေးခွန်းရှည် ဖြေဆိုရာတွင် မေးခွန်း၏ရှုထောင့်ကို သေချာစွာဖတ်ရှုပြီး မေးထားသည့် ရှုထောင့်အတိုင်း အံဝင်ခွင်ကျ ဖြေဆိုနိုင်ရန် အရေးကြီးပါသည်။ မေးခွန်းရှုထောင့်ကိုသတိမမူမိဘဲ မိမိအလွတ်ကျက်မှတ်ထားသည့် အပုဒ်နှင့် ခေါင်းစဉ်တူသဖြင့် အချက်အလက်များကိုချည်း အမြောက်အမြား ရေးသားနေပါက ပေးမှတ်၏ တစ်ဝက်အောက်သာ ရရှိနိုင်မည်ဖြစ်ပါသည်။

**မေးခွန်းနံပါတ် ၅**

မေးခွန်းနံပါတ်(၅)သည် ရေသည်ပြဇာတ်ဆိုင်ရာ မေးခွန်းဖြစ်ပါသည်။ ဤမေးခွန်းတွင် မေးခွန်းပုဒ်ခွဲ နှစ်ပုဒ်ပါဝင်ပါသည်။ ပုဒ်ရေ အပြောင်းအလဲ မရှိပါ။ နံပါတ် ၅(က)သည် ရေသည်ပြဇာတ်စကားစပ် မေးခွန်းဖြစ်ပါသည်။ ယခင်(၇)မှတ်ပေးသည့် မေးခွန်းပုံစံအစား (၅)မှတ်ပေးသည့်မေးခွန်းပုံစံသို့ ပြောင်းလဲသတ်မှတ်ထားပါသည်။ ဖြေဆိုရာတွင် မေးထားသည့် စကားစပ်ပါဝင်သည့်အခန်းနှင့် စကားစပ်ဆိုင်ရာ အချက်(၅)ချက် (ဘယ်သူက၊ ဘယ်သူ့ကို၊ ဘယ်နေရာ၊ ဘယ်အချိန်၊ ဘယ်အတွက်ကြောင့် ပြောသည်ဟူသော အချက်များ)အတွက် (၃)မှတ်၊ ဘာကိုပြောသည်ဆိုသောဆိုလိုရင်းကို ရှင်းလင်းရေးသားဖြေဆိုခြင်းအတွက် (၂)မှတ် အမှတ်ခွဲဝေလျာထားပါသည်။ စကားစပ်ဖြေဆိုရာတွင် လိုရင်းတိုရှင်း ဖြေဆိုနိုင်ရန် အထူးသတိပြုသင့်ပါသည်။ ပါဝင်သည့် အခန်းကို ဖော်ပြရာတွင် အခန်းနံပါတ် သက်သက်ကိုဖော်ပြခြင်းထက် အခန်းအမည်ကိုပါ ယှဉ်တွဲဖော်ပြသင့်ပါသည်။

**နမူနာ**

၅။ (က) စကားစပ်နှင့်တကွ ရှင်းပြပါ။ (၅ မှတ်)

"ရွေးလွန်းလျှင်မရ၊ သေးလွန်းလျှင်မလှတဲ့၊ ရှေးကပုံထား၊ လူထဲမှာနေ၊ လူ့ဖြစ်ထွေကို၊ အကျေသားနှင့်၊ ဇာတ်သွားရှည်အောင်၊ အရေးဆောင်လို့၊ ကွေ့ချောင်ဝေဝုစ်၊ ဘောက်စရာ လုပ်ရတုံး။"

မေးခွန်းနံပါတ် ၅(ခ)သည် ရေသည်ပြဇာတ် မေးခွန်းရှည်ဖြစ်ပါသည်။ ယခင်က (၈)မှတ်ပေးသောမေးခွန်းကို ပေးမှတ် (၁၀)မှတ်သို့ ပြောင်းလဲထားပါသည်။ ယခင်က အကြောင်းအရာပိုင်းကိုသာ မေးသော်လည်း မေးခွန်းပုံစံသစ်တွင် ပြဇာတ်အကြောင်းအရာပိုင်း တစ်ပုဒ်၊ ပြဇာတ်အတတ်ပညာ၊ အရေးအသားတစ်ပုဒ် မေးမြန်းပြီး နှစ်သက်ရာကို ရွေးချယ်ဖြေဆိုစေမည် ဖြစ်ပါသည်။ ပြဇာတ်အကြောင်းအရာပိုင်းကို မေးရာတွင်လည်း သမားရိုးကျပုံစံမဟုတ်ဘဲ ပြဇာတ်သဘောတရားနှင့် ဆက်စပ်ကာမေးသည့် မေးခွန်းပုံစံသို့ ပြောင်းလဲမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူများသည် ပြဇာတ်လေ့လာရာတွင် ပြဇာတ်၏ သဘောသဘာဝ၊ ပြဇာတ်၏အရေးအသား အတင်အပြနှင့် ပြဇာတ်ဖန်တီးမှု အတတ်ပညာတို့ကိုလည်း မလွဲမသွေ လေ့လာဆည်းပူးသင့်သည်ဖြစ်ရာ အတတ်ပညာနှင့် အရေးအသားတို့သည်လည်း ပြဇာတ်မေးခွန်းတွင် ပါဝင်လာပါမည်။

**နမူနာ**

၅။ (ခ) ရေသည်ပြဇာတ်မှ အောက်ပါ __တစ်ခု__ ကို ဖြေဆိုပါ။(၁၀မှတ်)

(၁) ရေသည်မိန်းမဆင်းရဲပုံ
(၂) ရေသည်ပြဇာတ်မှ ပြောင်မြောက်သောစကားအသုံးများ

**မေးခွန်းနံပါတ် ၆**

မေးခွန်းနံပါတ်(၆)သည် ယခင်က စာစီစာကုံးတစ်မျိုးတည်းကိုသာ ဖြေဆိုရသည့် မေးခွန်းဖြစ်သော်လည်း ပြောင်းလဲထားသည့် မေးခွန်းပုံစံတွင် မေးခွန်းနံပါတ် (၆)ကို (က)နှင့် (ခ)ခွဲ၍ မေးခွန်းပုဒ်ခွဲ နှစ်ပုဒ်အဖြစ် ပြင်ဆင်ထားပါသည်။ ၆(က)ကို (၁၀)မှတ်ပေးသည့် စာစီစာကုံး မေးခွန်းအဖြစ်လည်းကောင်း၊ ၆(ခ)ကို အဆိုတစ်ခုဆွေးနွေးစေသည့် (၁၀)မှတ် ပေးသော မေးခွန်းအဖြစ်လည်းကောင်း ပြောင်းလဲထားပါသည်။ ယခင် အမှတ်(၂၀)ပေးသည့် စာစီစာကုံးတစ်ပုဒ်တည်းကို ဖြေဆိုရခြင်းမှ စာစီစာကုံးနှင့် အဆိုဆွေးနွေးအရေးအသား နှစ်ပုဒ်ခွဲဝေ ဖြေဆိုရမည်ဖြစ်သည်။ နှစ်ပုဒ်ဖြေဆိုရမည်ဖြစ်ရာ နှစ်ခါစဉ်းစားဖြေဆိုရမည့် အချက်ကို အထူးသတိပြုရန်လိုအပ်ပါသည်။ သို့ဖြစ်ရာ စဉ်းစားရမည့်အချိန် ရေးသားရမည့်အချိန်တို့ကို လုံလောက်မှုရရှိစေရန် ကြိုတင်လေ့ကျင့်ပြင်ဆင်ထားရမည်ဖြစ်သည်။

၆(က) စာစီစာကုံးမေးခွန်းတွင် (၂)ပုဒ်ပေးထားပြီး (၁)ပုဒ် ဖြေဆိုရမည်ဖြစ်သည်။ စာစီစာကုံးရေးသားရန် ပုံကြမ်းအချက်အလက်(၅)ချက်ပေးထားပြီး အချက်တစ်ချက်ကို စာတစ်ပိုဒ်နှုန်းဖြင့် ဖြေဆိုသင့်ပါသည်။ စစ်ဆေးအကဲဖြတ်ရာတွင် ယေဘုယျအားဖြင့် အချက်တစ်ချက် (၂)မှတ်နှုန်းဖြင့် အကဲဖြတ်ရန် လျာထားပါသည်။ စာစီစာကုံးဖြေရာတွင် အထူးသတိပြုရမည့်အချက်မှာ မေးထားသည့် ပုံကြမ်းအချက်အလက်များကို မိမိ၏ကိုယ်ပိုင် စိတ်ကူးစိတ်သန်းဖြင့် ရေးသားဖြေဆိုရန်ဖြစ်ပါသည်။ ပေးထားသည့် ပုံကြမ်းအချက်အလက် အစီအစဉ်အတိုင်း မိမိကိုယ်ပိုင်အရေးအသားဖြင့် ဖြေဆိုရမည်ဖြစ်ရာ ပုံကြမ်းအချက်အလက်များကိုအခြေမခံဘဲ အလွတ်ကျက်မှတ်ဖြေဆိုပါက အမှတ်ရရှိနိုင်မည် မဟုတ်သည်ကို အထူးသတိပြုသင့်ပါသည်။ ယခုပြောင်းလဲထားသည့် မေးခွန်းပုံစံတွင် စာစီစာကုံးကို အလွတ်ကျက်မှတ်နေပါက အချိန်များစွာကုန်မည့်အပြင် ရမှတ်လည်း ဆုံးရှုံးသွားနိုင်ပါသည်။

**နမူနာ**

၆။ (က) အောက်ပါတို့အနက် __တစ်ခု__ ကို ပေးထားသော အချက်အလက်များနှင့်အညီ စာစီကုံးပါ။ (၁၀မှတ်)

(၁) ကြည်နူးဖွယ်ရာ မြင်ကွင်းတစ်ခု
မြင်တွေ့ရသော အကြောင်းရင်း၊ မြင်ကွင်း၏နေရာ၊ မြင်တွေ့ရသည့် အချိန်၊ မြင်ကွင်း၏ ကြည်နူးဖွယ်ကောင်းပုံ၊ မြင်ကွင်းကြောင့် ဖြစ်ပေါ် လာသော အတွေးများ။

(၂) ကျန်းမာခြင်းသည် လာဘ်တစ်ပါး
ကျန်းမာခြင်း၏ အရေးကြီးပုံ၊ ကျန်းမာရေးကို ဂရုစိုက်သင့်ပုံ၊ ကျန်းမာခြင်း၏ ကောင်းကျိုးများ၊ မကျန်းမာခြင်း၏ ဆိုးကျိုးများ၊ ကျန်းမာခြင်းနှင့် ပတ်သက်သော သင့်အတွေးအမြင်။

မေးခွန်းနံပါတ် ၆(ခ)သည် အသစ်ဖြည့်စွက်ထည့်သွင်းထားသော မေးခွန်းဖြစ်ပါသည်။ ပေးထားသောအဆိုတစ်ရပ်ကို ဖတ်ရှုပြီး မိမိနှစ်သက်ရာဘက်မှ ရပ်တည်ဆွေးနွေးစေသော ပင်ကိုအရည်အသွေးဖော်ထုတ်ပြသရမည့် မေးခွန်းဖြစ်ပါသည်။ အဆိုကို ဆွေးနွေးဖြေဆိုရာတွင် စာဟန်အရေးအသားဖြင့်သာ ရေးသားရမည်ကို အထူးသတိပြုရပါမည်။ ကျောင်းသား ကျောင်းသူတို့၏ ကိုယ်ပိုင်အတွေးအခေါ် စိတ်ကူးစိတ်သန်းကောင်းလျှင် ကောင်းသလောက်၊ အရေးအသားအတင်အပြကောင်းလျှင် ကောင်းသလောက် အမှတ်ရရှိနိုင်မည့် မေးခွန်းဖြစ်ပါသည်။ ပေးထားသောအဆိုမှာလည်း ကျောင်းသား ကျောင်းသူအားလုံး ရင်းနှီးကျွမ်းဝင်မည့် ယေဘုယျကျသော အဆိုမျိုးကိုသာ ပေးထားမည်ဖြစ်ပါသည်။

**နမူနာ**

၆။ (ခ) အောက်ပါအဆိုများအနက် __တစ်ခု__ ကို ထောက်ခံ၍ဖြစ်စေ၊ ကန့်ကွက်၍ဖြစ်စေ ဆွေးနွေးပါ။ (၁၀မှတ်)

(၁) အားကစားပွဲများတွင် ဘောလုံးပွဲသည် စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်သည်။
(၂) ဂျာနယ်ဖတ်ခြင်းသည် သတင်းစာဖတ်ခြင်းထက် ပို၍ ဗဟုသုတရရှိသည်။

အဆိုဆွေးနွေးအရေးအသားဖြေဆိုရန်အတွက် ရရှိမည့်အချိန်အတိုင်းအတာကို အလေးထားသတိပြုရမည်ဖြစ်သည်။ အဆိုဆွေးနွေး မေးခွန်းအတွက် ရေးသားချိန်သည် မိနစ်(၂၀)၊ (၂၅)မိနစ်ခန့်သာ ရရှိနိုင်မည်ဖြစ်ရာ ဖြေဆိုရမည့်ပမာဏကို ချိန်ဆနိုင်ရန် အထူးအရေးကြီးပါသည်။ အဆိုဆွေးနွေးအရေးအသားအတွက် စာပိုဒ်(၄)ပိုဒ်သာ ရေးသားဖြေဆို သင့်သည်။ ပထမပိုဒ်သည် အစပျိုးသည့်နိဒါန်းဖြစ်ပြီး ဒုတိယနှင့် တတိယပိုဒ်တို့သည် စာကိုယ် ဖြစ်ပါသည်။ စတုတ္ထပိုဒ်မှာ မိမိ၏ရပ်တည်ချက်ကို အတည်ပြု နိဂုံးချုပ်သည့် အပိုဒ်ဖြစ်သည်။ စာတစ်ပိုဒ်အတွက် ရေးသားချိန်ကို (၅)မိနစ်ခန့်သာ အသုံးပြုသင့်ပါသည်။ စာပိုဒ် တစ်ပိုဒ်ကို ပမာဏမည်မျှရေးသင့်သည် ဆိုသည်မှာမူ ပေးမှတ်နှင့် ချိန်ဆရမည် ဖြစ်သည်။ အဆိုဆွေးနွေးအရေးအသားကို စစ်ဆေးအကဲဖြတ်ရန်အတွက် ယေဘုယျအားဖြင့် ပထမပိုဒ် နိဒါန်းနှင့် စတုတ္ထပိုဒ်နိဂုံးကို(၂)မှတ်စီ၊ ဒုတိယပိုဒ်နှင့် တတိယပိုဒ်စာကိုယ်များကိုမူ (၃)မှတ်စီ သတ်မှတ်လျာထားပါသည်။

တက္ကသိုလ်ဝင်တန်းမြန်မာစာဘာသာရပ်သည် မြန်မာစာအရေးအသား၊ မြန်မာစာပေ၏ အနှစ်သာရကို ဖော်ကျူးသည့်ဘာသာရပ်ဖြစ်ရာ ဘာသာရပ်၏ အနှစ်သာရကို သိရှိအောင် လေ့လာသင်ယူရန် လိုအပ်ပါသည်။ စာမေးပွဲဖြေဆိုရာတွင် ကျောင်းသား ကျောင်းသူများသည် သဒ္ဒါအဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်း၊ ဓမ္မဓိဋ္ဌာန်မေးခွန်း၊ စကားပြေ၊ ကဗျာ၊ ရေသည် ပြဇာတ်ပါ အချက်အလက်မေးခွန်း စသည်တို့ကို တိတိကျကျ ကျက်မှတ်ရမည်ဖြစ်ပြီး လိုရင်းအချက်အလက်ကို တိတိကျကျဖြေဆိုနိုင်ရန် လိုအပ်ပါသည်။ မိမိစိတ်ကူးစိတ်သန်း၊ အတွေးအခေါ်ဖြင့် အရေးအသားစွမ်းရည်ကို ပြသရမည့် မေးခွန်းများတွင်မူ မေးခွန်းကို ကောင်းစွာနားလည် သဘောပေါက်အောင်ဖတ်ရှုပြီး မိမိသိရှိထားသည့်၊ လေ့လာမှတ်သားထားသည့် အချက်အလက်များကို မိမိ၏မြန်မာစာအရေးအသားစွမ်းရည်၊ ကိုယ်ပိုင်စိတ်ကူးဉာဏ်တို့ဖြင့် ပေါင်းစပ်ကာ ရေးသားဖြေဆိုရမည်ဖြစ်သည်။ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအားလုံး မြန်မာစာဘာသာရပ်ကို အခက်အခဲမရှိ ဖြေဆိုနိုင်ပြီး အောင်ပန်းဆွတ်ခူးနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။

## ကရင်ပြည်နယ်ဒေသထွက် လယ်ယာထွက်ကုန်များ ဈေးကောင်းရနေ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ကရင်ပြည်နယ်တွင် မြေပဲ၊ ပဲတီစိမ်း၊ ပဲပုပ်များကို မြေနုကျွန်းများဖြစ်သည့် ကော့လုံကျွန်း၊ မိန်းမလှကျွန်း၊ မင်းဇီ၊ လှိုင်းဘွဲ၊ ရွှေဂွန်း၊ ကော့ထော်၊ ဖူးခါး၊ နောင်ထလုံ၊ ထုံးအိုင် စသည့်ဒေသများတွင် အဓိကစိုက်ပျိုးထွက်ရှိကာ ၂၀၁၂ ခုနှစ်အတွင်း စိုက်ပျိုးခဲ့သည့် လယ်ယာထွက်ကုန်များဖြစ်သော မြေပဲ၊ ပဲတီစိမ်း၊ ပဲပုပ်များ လှိုင်လှိုင်ထွက်ရှိနေပြီဖြစ်သည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်လျက်ရှိသော မြေပဲ၊ ပဲတီစိမ်း၊ ပဲပုပ်များ၏ အရောင်းအဝယ် ဈေးနှုန်းများမှာ မြေပဲ တစ်တင်း ဝယ်ဈေး ငွေကျပ် ၂၁၀၀၀ နှင့် ရောင်းဈေးငွေကျပ် ၂၃၀၀၀၊ ပဲတီစိမ်း တစ်တင်းဝယ်ဈေး ငွေကျပ် ၄၇၀၀၀ နှင့် ရောင်းဈေး ငွေကျပ် ၅၁၀၀၀၊ ပဲပုပ်တစ်တင်း ဝယ်ဈေး ငွေကျပ် ၄၅၀၀၀ နှင့် ရောင်းဈေး ငွေကျပ် ၄၇၆၀၀ ရှိပြီး ယခင်နှစ်ထက် ဝယ်ဈေး၊ ရောင်းဈေး မြင့်တက်ခဲ့ကြောင်း၊ ကရင်ပြည်နယ်ဒေသထွက် လယ်ယာ ထွက်ကုန်ပစ္စည်းများကို ပြည်တွင်းနှင့် မြဝတီနယ်စပ်လမ်းကြောင်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ တင်ပို့လျက်ရှိပြီး ဈေးကောင်းရရှိ၍ စိုက်ပျိုးတောင်သူများနှင့် ကုန်သည်များ တွက်ခြေကိုက်၍ အကျိုးအမြတ်ရရှိကြောင်း သိရသည်။

ကရင်ပြည်နယ် ဒေသထွက် မြေပဲ၊ ပဲတီစိမ်း၊ ပဲပုပ်များကို ဘားအံမြို့သို့ တစ်ရက်လျှင် ယာဉ်စီးရေ ၁၅ စီးမျှ နေ့စဉ်ဝင်ရောက်လျက်ရှိကြောင်းနှင့် မြေပဲ၊ ပဲတီစိမ်း၊ ပဲပုပ်များမှာ အရည်အသွေးကောင်းမွန်ပြီး လုပ်ငန်းရှင်များ အကြိုက်တွေ့သောကြောင့် ဈေးကောင်းများ ရရှိလျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြေပဲနှင့် ပဲပုပ်များမှာ ပြည်ပဝယ်လိုအား ရှိသည့်အပြင် ပြည်တွင်း၌ပါ ဆီစက်လုပ်ငန်းရှင်များက ဝယ်ယူသည့်အတွက် ဈေးကောင်းရနေကြောင်း၊ လက်ရှိဈေးကွက်တွင် ပွဲရုံများသို့ တင်ပို့ရောင်းချသည့်အပြင် ဝယ်လက်ကုန်သည်များပါ တောင်သူများထံ တိုက်ရိုက်ဆင်းဝယ်ကြသည့်အတွက် ဈေးနှုန်းမြင့်တက်နိုင်ကြောင်း သိရသည်။ ပဲပုပ်မှာ ပြည်ပတင်ပို့ရန် တချို့ဝယ်လက်များက တောင်သူများထံ တိုက်ရိုက်ဆင်းဝယ်ကြသကဲ့သို့ ဘားအံ၊ မော်လမြိုင်နှင့် သထုံမြို့များရှိ ပဲပြားလုပ်ငန်းရှင်များ၏ နေ့စဉ်ဝယ်လိုအားမှာလည်း တစ်နေ့လျှင် ပိဿာ ၁၀၀၀ ခန့် ဈေးကွက်ရှိကြောင်း၊ ယခုနှစ်သည် ဈေးကွက်စုံ/ ဝယ်လက်စုံပြီး ကရင်ပြည်နယ်ဒေသထွက် မြေပဲ၊ ပဲပုပ်၊ ပဲတီစိမ်း စသည့် လယ်ယာထွက်ကုန်ပစ္စည်းများ ဈေးကောင်းရပြီး စိုက်ပျိုးတောင်သူများနှင့် ကုန်သည်များ တွက်ခြေကိုက်သည့်နှစ်ဖြစ်ကြောင်း သိရသည်။

## မြင်းခြံခရိုင် ပဲစင်းငုံသီးနှံများ စိုက်ပျိုးထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက်

**မြင်းခြံ ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်၌ ၂၀၁၀ – ၂၀၁၁ ဘဏ္ဍာနှစ်တွင် ပဲစင်းငုံစိုက်ပျိုးမှုမှာ စုစုပေါင်း စိုက်ဧက ၁၀၀၁၀၅ ဧကရှိခဲ့ပြီး ရိတ်သိမ်းဧကမှာ ၁၀၀၁၀၅ ဧကနှင့် တစ်ဧကအထွက်နှုန်း ၈ ဒသမ ၇၈ တင်းဖြင့် အထွက်တင်းပေါင်း ၈၇၈၉၂၂ တင်း ထွက်ရှိခဲ့ကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရသည်။



မြင်းခြံခရိုင်အနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပဲစင်းငုံ စိုက်ပျိုးဧက စုစုပေါင်း ၁၀၂၄၃၅ ဧကစိုက်ပျိုးခဲ့ပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် ၈ ဒသမ ၂၅ တင်း ထွက်ရှိကာ စိုက်ဧက ၁၀၂၄၃၅ဧက အားလုံးရိတ်သိမ်းပြီးစီး၍ အထွက်တင်းပေါင်း ၈၄၅၀၈၉ တင်းထွက်ရှိကြောင်း သိရသည်။ မြင်းခြံခရိုင်အတွင်း၌ မြို့နယ်အလိုက် စိုက်ပျိုးမှုအနေဖြင့် နွားထိုးကြီးမြို့နယ်တွင် ပဲစင်းငုံ စိုက်ဧက ၇၈၀၁၁ ဧကဖြင့် အများဆုံး စိုက်ပျိုးနေကြောင်း၊ တောင်သာမြို့နယ်တွင် စိုက်ဧက ၁၁၈၇၄၉ ဧကနှင့် မြင်းခြံမြို့နယ်တွင် စိုက်ဧက ၅၆၇၅ ဧက စိုက်ပျိုးထားရှိပြီး ဖြစ်သည့်အတွက် ရိတ်သိမ်းပြီး ပဲစင်းငုံသီးနှံများကို ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ပဲစင်းငုံဈေးနှုန်းအနေဖြင့် တစ်တင်းလျှင် ငွေကျပ် ၆၁၄၀၀ ရှိပြီး ပဲအရည်အသွေးအပေါ် မူတည်၍ ဈေးနှုန်းများကွာခြားလျက်ရှိကြောင်း၊ အရောင်းအဝယ်ဖြစ်မှုအနေဖြင့် မြို့ပေါ်ကုန်သည်လုပ်ငန်းရှင်များ ဝယ်ယူစုဆောင်းပြီး မန္တလေးမြို့သို့ တင်ပို့လျက်ရှိကြောင်း၊ ပေါ်ဦးပေါ်စဖြစ်သည့်အတွက် ပဲစင်းငုံအဝင်နည်းသေးကြောင်း၊ ယခင်နှစ်တွင် ပဲစင်းငုံ ဈေးနှုန်းအနေဖြင့် ငွေကျပ်၄၁၀၀၀ ရှိခဲ့သည့်အတွက် ယခုနှစ် လက်ရှိပေါက်ဈေးအရ တောင်သူများအထိုက်အလျောက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။



## မောင်တောကုန်သွယ်ရေးစခန်းမှ ရေထွက်ပစ္စည်းများတင်ပို့နိုင်ခဲ့မှု အခြေအနေ

**မောင်တော ဖေဖော်ဝါရီ ၈**

မောင်တောကုန်သွယ်ရေးစခန်း၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် လျာထားချက်မှာ ပို့ကုန် ၁၁ ဒသမ ၀၀၀ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၅၀၀ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၁၁ ဒသမ ၅၀၀ ဒေါ်လာသန်းဖြစ်ပြီး ဖေဖော်ဝါရီ ၆ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ၁၄ ဒသမ ၆၅၂ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၀၄၂ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၁၄ ဒသမ ၆၉၄ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပြီး တစ်နှစ်လုံး၏ လျာထားချက်အပေါ် ၁၂၈ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

မောင်တောကုန်သွယ်ရေးစခန်းမှ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို အဓိကတင်ပို့လျက်ရှိပြီး ၎င်းတို့အနက် ရေထွက်ပစ္စည်းအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလကုန်အထိ ငါးမြစ်ချင်း တန်ချိန် ၆၉၇၇ ဒသမ ၂၈၅ တန်၊ တန်ဖိုး ၉ ဒသမ ၀၂၂ ဒေါ်လာသန်း၊ ငါးမုတ်တန်ချိန် ၄၅ ဒသမ ၃၀၀ တန်၊ တန်ဖိုး သုည ဒသမ ၁၀၂ ဒေါ်လာသန်း၊ ငါးနီတူခြောက် တန်ချိန် ၄၆ ဒသမ ၅၀၀ တန်၊ တန်ဖိုး သုည ဒသမ ၁၃၂ ဒေါ်လာသန်း၊ ငါးကုန်းညှိုခြောက် တန်ချိန် ၆၅ ဒသမ ၅၀၀ တန်၊ တန်ဖိုး သုည ဒသမ ၁၁၄ ဒေါ်လာသန်း၊ ငါးစုံလေးခြောက် တန်ချိန် ၄၇၈ တန်၊ တန်ဖိုး သုည ဒသမ ၂၈၇ ဒေါ်လာသန်း၊ ငါးသလောက် တန်ချိန် ၉၄ ဒသမ ၅၀၀ တန်၊ တန်ဖိုး သုည ဒသမ ၂၆၃ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့သည်။ စုစုပေါင်း ရေထွက်ပစ္စည်း တန်ချိန် ၇၇၀၇ ဒသမ ၀၈၅ တန် တန်ဖိုး ၉ ဒသမ ၉၂၀ ဒေါ်လာသန်းတို့ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ပြင်ပငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် ကျပ် ၈၂၀၊ ၁၁၃ ဒသမ ၅၀၀ တာကာ၊ ၁၀၀ ကျပ်လျှင် ၄ ဒသမ ၀၂ တာကာ၊ တစ်တာကာလျှင် ၂၄ ဒသမ ၈၅ ကျပ် ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

## ပွင့်ဖြူမြို့နယ်၌ ထောပတ်ခရမ်းသီးစိုက်ပျိုးတောင်သူများ ဝင်ငွေကောင်း၍အဆင်ပြေနေ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပတ်ဝန်းကျင်ရှိ ကျေးရွာများသည် မိရိုးဖလာ လယ်ယာလုပ်ငန်းအပြင် ဥယျာဉ်ခြံမြေများတွင် သီးနှံစားပင်မျိုးစုံကို စီးပွားဖြစ်စိုက်ပျိုးကြပြီး မြန်မာနိုင်ငံအနှံ့ စားသုံးမှုများ၍ ဈေးကွက်အခိုင်အမာရှိသော စားဖိုဆောင်သုံးသီးနှံဖြစ်သည့် ထောပတ်ခရမ်းသီးကိုလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြကြောင်း သိရသည်။ ခရမ်းသီးပင်သည် နေရာဒေသမရွေး၊ ရာသီဥတုမရွေး စိုက်ပျိုးနိုင်ပြီး အောင်မြင်ဖြစ်ထွန်းလွယ်သောကြောင့် တောင်သူများအားထားစိုက်ပျိုးကြသော သီးနှံတစ်မျိုး ဖြစ်သည့်အတွက် ပွင့်ဖြူမြို့နယ် ယောစု၊ ပိန္နဲတော၊ ဒေးဒရဲ၊ ညောင်ကုန်း၊ ရွာသစ်၊ မုန်းနားစု စသည့် ကျေးရွာများမှ တောင်သူများသည် ထောပတ်ခရမ်းသီးမျိုးကို စိုက်ပျိုးကြပြီး ဧကဝက် သုည ဒသမ ၅၀ လျှင် အပင်ရေ၂၀၀ ခန့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြကြောင်း သိရသည်။

ထောပတ်ခရမ်းသီးစိုက်ပျိုးရာတွင် ပထမဦးစွာ မျိုးစေ့များ ပျိုးရကြောင်း၊ ပျိုးပင်များအရွက် ငါးရွက်ခန့်ရရှိလျှင် စိုက်ပျိုးမည့် စိုက်ခင်းသို့ ပြောင်းရွှေ့စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် စတင်ခူးဆွတ်နိုင်ကြောင်း၊ သုံးရက်လျှင် တစ်ကြိမ်ခန့် အလှည့်ကျခူးဆွတ်နိုင်ပြီး အပင်သက်တမ်းမှာ ရှစ်လခန့်ရှိကြောင်း သိရသည်။ ထောပတ်ခရမ်းသီး စတင်ခူးဆွတ်ချိန်တွင် ပိဿာချိန် ၃၀ မှ ၃၅ ပိဿာခန့် ထွက်ရှိပြီး တစ်ပိဿာလျှင် ကျပ် ၁၅၀၀ မှ ၁၈၀၀အထိ ဈေးကောင်းရရှိကြောင်း၊ ခရမ်းသီးလှိုင်လှိုင်ပေါ်ချိန်တွင် တစ်ကြိမ် ခူးဆွတ်လျှင် ပိဿာချိန် ၈၀ မှ ၈၅ ပိဿာခန့်ထွက်ရှိပြီး တစ်ပိဿာလျှင် ကျပ် ၈၀၀ မှ ၁၀၀၀ အထိ ရရှိကြောင်း သိရသည်။ ပွင့်ဖြူဒေသထွက် ထောပတ်ခရမ်းသီးများကို စလင်း၊ စကု၊ မင်းဘူး၊ မကွေးမြို့များသို့ တင်ပို့ရောင်းချပြီး ကုန်ကျစရိတ်နည်းပါး၍ အကျိုးအမြတ်များစွာ ရရှိသောကြောင့် ပွင့်ဖြူဒေသရှိ ထောပတ်ခရမ်းသီးစိုက်ပျိုးတောင်သူများ ဝင်ငွေများစွာရရှိပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

## မြိတ်မြို့တွင် ကုန်သွယ်မှုလုပ်ငန်းများ ကောင်းမွန်လျက်ရှိ

**မြိတ် ဖေဖော်ဝါရီ ၈**

၂၀၁၃ ခုနှစ်ဖေဖော်ဝါရီလ ပထမပတ်အတွင်း အာကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် Form D အကျိုးခံစားခွင့်ဖြင့် မြိတ်ဒေသမှ ထိုင်းနိုင်ငံသို့ ကားလမ်းကြောင်းဖြင့် ပရာကျွတ်ကရီခမ်သို့ ငါးကြိတ်သား ၇ ဒသမ ၂၀ တန်၊ ကြက်သွန်နီ ၇၁ ဒသမ ၂၀ တန် တင်ပို့နိုင်ခဲ့သည့်အပြင် မြိတ်ဒေသထွက် ရော်ဘာ ၂၀၁ ဒသမ ၆၀ တန်ကိုလည်း မလေးရှားနိုင်ငံမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

တနင်္သာရီတိုင်း ဒေသကြီးအတွင်း မြိတ်ဒေသတွင် သုံးစွဲလျက်ရှိသည့် စက်သုံးဆီများအား ထိုင်းနိုင်ငံမှ တင်သွင်းလျက်ရှိရာ ဖေဖော်ဝါရီလ ပထမပတ်အတွင်း ဒီဇယ်ဆီ ၁၃၅၀ တန် တင်သွင်းနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ကျပ်/ဘတ် ငွေလဲနှုန်းမှာ တစ်ဘတ်လျှင် ၈၅ ဒသမ ၂၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

## အမှတ်တံဆိပ်မှတ်ပုံတင်သက်တမ်းနှင့် မှတ်ပုံတင်သက်တမ်းတိုးခြင်းအကြောင်း သိကောင်းစရာများ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာနတွင် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၏ မှတ်ပုံတင်သက်တမ်းသည် အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားချက် တင်သွင်းသည့်နေ့မှစ၍ ၁၀ နှစ်ဖြစ်ပြီး အဆိုပါသက်တမ်းကုန်ဆုံးပြီးနောက် တစ်ကြိမ်လျှင် ၁၀ နှစ်စီဖြင့် အကြိမ်အရေအတွက် အကန့်အသတ်မရှိဘဲ သက်တမ်းတိုးနိုင်မည်ဖြစ်ပါသည်။

အမှတ်တံဆိပ်ပိုင်ရှင်သည် အမှတ်တံဆိပ်မှတ်ပုံတင်သက်တမ်းတိုးလိုလျှင် မှတ်ပုံတင်သက်တမ်းကာလ ကုန်ဆုံးမည့်နေ့မတိုင်မီ ခြောက်လအတွင်း မှတ်ပုံတင်သက်တမ်းတိုးပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်း၍ လျှောက်ထားရမည်ဖြစ်ပါသည်။ ထို့အပြင် မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီးနောက် အထူးအခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း လျှောက်ထားခွင့်ရှိ၍ ယင်းသို့ လျှောက်ထားသည့်အခါ သတ်မှတ်သည့် မှတ်ပုံတင်ကြေးနှင့် ရက်လွန်ကြေးများကို ပေးသွင်းရမည် ဖြစ်ပါသည်။

မှတ်ပုံတင်အရာရှိသည် သတ်မှတ်ချက်နှင့် ညီညွတ်သော အမှတ်တံဆိပ်ကို မှတ်ပုံတင်သက်တမ်းတိုးပေးရန်အတွက် ခွင့်ပြုနိုင်သည်။ မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားချက်သည် ယခင် မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပါသည်။ မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားချက်ကို စစ်ဆေး၍ သတ်မှတ်ချက်နှင့်ညီညွတ်ပါက ၁၀ နှစ် သက်တမ်းတိုးပေးပြီး သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

မှတ်ပုံတင်သက်တမ်းတိုးခြင်းနှင့် အခကြေးငွေပေးသွင်းခြင်းတို့ကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်မည်ဖြစ်ပါသည်။ မှတ်ပုံတင်သက်တမ်းတိုးခြင်းအတွက် အခကြေးငွေကို အထူးအခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း အမှတ်တံဆိပ်ပိုင်ရှင်က ပေးသွင်းခြင်းမရှိလျှင် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို မှတ်ပုံတင်ခြင်းမှ ရုပ်စဲမည်ဖြစ်ပါသည်။ ရုပ်စဲသည့် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို မှတ်ပုံတင်ခြင်းမှ ရုပ်စဲကြောင်း မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်မည်ဖြစ်ပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

**သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း**

## "ကန့်ကွက်နိုင်ပါကြောင်း"

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ တိုးချဲ့(၃) လမ်း၊ အမှတ်(၃၈-က)၊(ယခုနေရပ်လိပ်စာမသိသူ)ဒေါ်သဲပိုပိုထွန်း[၇/သကန(နိုင်)၀၈၉၂၅၈]သည်(၁၀-၉-၂၀၂၀)တွင် Farmer Auto Trading Co.,Ltd. မှ Honda Insight (4J/3138)ယာဉ်အား ဘဏ်နှင့်ချိတ်ဆက်၍(HP)အရစ်ကျ စနစ်ဖြင့် ဝယ်ယူခဲ့ပြီး လစဉ်ပေးသွင်းရမည့်ငွေများကို ပေးသွင်းရန် ပျက်ကွက်လျက်ရှိပါသည်။ ယခုအခါ အမှတ်(၁၃၁)၊ (၁၅)လမ်း၊ အလယ်ဘလောက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးစိုင်းကောင်းငင်း[၁၃/ညရန(နိုင်)၀၀၀ ၂၈၅]သည် ၎င်းလက်ဝယ်တွင် အဆိုပါ ယာဉ်၊ မော်တော်ယာဉ်သက်သေခံလက်မှတ်မူရင်းနှင့် ဒေါ်သဲပိုပိုထွန်းမှ ရောင်းချထားသော စာချုပ်တို့အား ပြသ၍ ဘဏ်သို့ပေးသွင်းရန် ကျန်ငွေများကို တစ်လုံးတစ်ခဲတည်းပေးသွင်းပြီး ယာဉ်ပိုင်ဆိုင်မှုစာအုပ် (Owner Book)အားထုတ်ယူရန် တောင်းဆိုလာပါသောကြောင့် ထုတ်ပေးတော့မည်ဖြစ်ရာ ဒေါ်သဲပိုပိုထွန်းနှင့်တကွ မည်သူမဆို အထောက်အထားမူရင်းများနှင့်တကွ ယခုကြေညာစာပါသည့်နေ့မှစ၍(၅)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ Farmer Auto Trading Co.,Ltd. ထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**Farmer Auto Trading Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူသူထွန်း (LL.B, D.B.L,WIPO–Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၉၆၆)**
**အမှတ်(၄၄၀)၊ ဝေဇယန္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၀၅၃၂၇၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေငြာချက်

ရှမ်းပြည်နယ် ၊ တောင်ကြီးခရိုင် ၊ ကလောမြို့နယ် ၊ ရပ်ကွက်/ကျေးရွာအုပ်စု(၃)ကွင်း/ အကွက်အမှတ်နှင့်အမည်-၄၇၊ ဗိုလ်ကုန်းအရှေ့ပိုင်းရပ်၊ ဦးပိုင်အမှတ်၃/၁၅ ၊ မြေကွက်အမှတ် ၁၃/၄၇ ၊ ဧရိယာ(၀.၂၀၄) ဧက အကျယ်ရှိ တရားဝင်မခွဲစိတ်ရသေးသော ၁၃-၄၅ရှိ မြို့မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်နှင့်ပက်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အားမိမိကိုယ်တိုင်ပိုင်ဆိုင်ပြီးစီမံခန့်ခွဲရောင်းချပိုင်ခွင့် ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်တင့်တင့်လွင်(ဘ)ဦးကျော်လွင်[၁၂/ကမရ(နိုင်)၀၀၁၂၃၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ဆန်း (ဘ) ဦးမီကျို [၁၃/တကန(နိုင်)၁၇၅၆၆၇] ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူ၍ လက်ရောက်ရရှိပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း ၊ စာချုပ်စာတမ်း အထောက်အထား (မူရင်း)များဖြင့် ဤကြေငြာပါသည့်နေ့မှ(၇ )ရက်အတွင်းကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဌေးဌေးဝင်း(LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၅၂၆၀)
တိုက်အမှတ်(၀၀၂/A -၄ )ရွှေကမ္ဘာအိမ်ရာ၊မရမ်းကုန်းမြို့နယ်
09-250702397,09-250681928

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ ဓမ္မဒါနလမ်း၊ မြေကွက်အမှတ်(၁၀၂၉)၊ (အလျား၄၀ပေXအနံ၆၀ပေ)အကျယ်အဝန်းရှိ ဦးအေးလွင်(TZI–၀၈၀၂၃၆)အမည်ပေါက် ပါမစ်မြေကွက်မှတရားဝင်မခွဲစိတ်ရသေးသော ပေ(၂၀'x၆၀')ခေါင်းရင်းဘက်ခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်းအဝယ် ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးပိုက်တင် [၁၂/ဥကမ(နိုင်)၁၁၉၆၃၉]မှ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) (LL.B)** | **ဒေါ်မိုးယုန္ဒယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၉၂၄)** |
| **Ph:09–954280932** | **LL.B,D.B.L,D.I.L,D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph:09–420080932,09–977402677** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၅၉၉)၊ မြေကွက်တည်နေရာအမှတ်(၅၉၉)၊ အောင်မင်္ဂလာလမ်း၊ ၁၈/စီရပ်ကွက်၊ ဒဂုံတောင်၊ ဒေါ်စန်းမှီ[၁၂/မဂတ(နိုင်)၀၂၇၁၁၀]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်စန်းမှီ(မိခင်)ဖြစ်သူသည် (၁၉-၁၀-၂၀၂၂)ရက်နေ့တွင်လည်းကောင်း၊ ဖခင်ဖြစ်သူ ဦးစံမြင့်သည် (၃၁-၅-၂၀၀၆)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပြီး၊ ၎င်းတို့၏သားသမီး(၇)ဦးဖြစ်သူ (၁) ဦးမိုးကျော်[၁၂/မဂတ(နိုင်)၀၂၅၆၈၃]၊ (၂) ဦးသန်းဆွေ[၁၂/မဂတ(နိုင်)၀၂၅၉၂၃]၊ (၃) ဦးသန်းကျော်[၁၂/မဂတ(နိုင်)၀၀၅၃၅၈]၊ (၄) ဒေါ်စန္ဒာမိုး[၁၂/ဒဂတ(နိုင်)၀၀၅၃၅၀]၊ (၅) ဦးသူရအောင်[၁၂/ဒဂတ(နိုင်)၀၀၅၃၆၀]၊ (၆) ဒေါ်သန္တာမိုး[၁၂/ဒဂတ(နိုင်)၀၂၈၈၂၆]၊ (၇) ဒေါ်အိရွှေဇင်[၁၂/ဒဂတ(နိုင်)၀၂၉၀၂၄]တို့မှ တရားဝင် အမွေဆက်ခံပိုင်ခွင့်ရှိသူ သားသမီးများဖြစ်ကြောင်းနှင့် အခြားကိတ္တိမသားသမီးများမရှိကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်–၁၁၁၆/၂၀၂၂(၂၁-၁၁-၂၀၂၂)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ မိခင်ဖခင်သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ သန်းခေါင်စာရင်းတွင် ဒေါ်အိရွှေဇင်အေးဖြစ်ပြီး မှတ်ပုံတင်တွင် ဒေါ်အိရွှေဇင်ဖြစ်နေသော်လည်း၊ မှတ်ပုံတင်ထဲရှိ အမည်မှာ မှန်ကန်ပြီး တစ်ဦးတည်းဖြစ်သည်မှာမှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်–၃၂၉/၂၀၂၃(၉-၁-၂၀၂၃)၊ နှစ်(၆၀)ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ ၂ထပ်အုတ်ခံ(၁)လုံးရှိပြီး ကိုယ်တိုင်နေထိုင်ပြီး ဦးသန်းဆွေနှင့် ဒေါ်သန္တာမိုးမှ သိရှိသဘောတူလက်မှတ်ရေးထိုးပေးပါသဖြင့် ဦးမိုးကျော်+၆တို့၏ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ဦးစိုင်းမြအောင် [၁၃/ဆဆန(နိုင်)၀၁၃၂၃၇] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် (MG 843 526) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph–09–427108070,
09–449906600

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

